
FOTO: NRC

# CHAPTER 18 • 2015
# LIVELIHOODS

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်း ဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုပေါင်းတည်ထောင်သော စခန်းများ၊ စုစည်း နေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိကအချက်အလက်များ

- အလယ်အလတ်ကာလနှင့် ရေရှည်အတွက်အစားအစာဖူလုံရေးနှင့် အနာဂတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်သော အရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်၊ ပြန်လည်ထူထောင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်မှာ ဘေးအန္တရာယ်ကျရောက်ခံရသော လူထုအတွက်ဦးစားပေးတစ်ရပ် ဖြစ်သည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် အခြေအနေများတွင် တိုက်ပွဲများ သို့မဟုတ် ပဋိပက္ခများကြောင့် လူထုသည် ပိုင်ဆိုင်ပစ္စည်းများဆုံးရှုံးသွားကြသည်။ထို့ပြင် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဈေးကွက်သို့ဝင်ရောက်နိုင်မှုများမှာလည်း အလွန်အမင်း ကန့်သတ်ခံရသည်။ စခန်းများ၏ မူဘောင်များတွင် ဈေးများနှင့် နီးကပ်မှု၊ ဝင်ငွေရရှိနိုင်သည့် အလားအလာရှိသော ဆောင်ရွက်ချက်များ၊ ကုန်ကြမ်းများ ရရှိနိုင်မှုနှင့် ခြံမွေးတိရစ္ဆာန်များအတွက် နေရာလွတ်များ ကဲ့သို့သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထည့်သွင်းစဉ်းစားရန်အချက်များကို နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုအတွက် စတင်တုံ့ပြန်ဆောင်ရွက် ပေးသည့် အစကနဦးတည်းကပင် ထည့်သွင်းစဉ်းစားရမည်။
- နေရပ်စွန့်ခွာရွှေ့ပြောင်းရသော လူထုများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းသည် ကာကွယ်စောင့်ရှောက်မှု နည်းလမ်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သက်ဆိုင်သူများအားလုံးနှင့် ပူးပေါင်းကာ လိင်ဖြင့် အသက်မွေးရခြင်း သို့မဟုတ် လုပ်ခ နည်းပါးသော အလုပ်အကိုင်ကဲ့သို့သော အပျက်သဘောဆောင်သည့်ရှင်သန်ရပ်တည်မှုနည်းလမ်းများကို တားဆီးပြီး စခန်းလူထုနှင့် အိမ်ရှင်လူထုအကြား ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းကို တိုးမြှင့်ရန် ဆောင်ရွက်သင့်သည်။
- အသက်မွေးဝမ်းကျောင်းဆိုင်ရာပဏာမခြေလှမ်းများသည် စိုက်ပျိုးရေးလုပ်ငန်း၊ လုပ်ငန်းငယ်များနှင့် အလုပ်အကိုင်များမှတဆင့် အစားအစာ ဖူလုံရေးကို ကာကွယ်စောင့်ရှောက်ရန် နှင့် တိုးမြှင့်ရန် ဦးတည်သင့်သည်။ စခန်းတွင်နေထိုင်သူများအတွက် အပြုသဘောဆောင်သော အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများမှာနောက်ခံအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ပြီး သင့်တင့်သည့် လုပ်ခလစာများ ရရှိသင့်သည်။ အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများသည် ပိုင်ဆိုင်ပစ္စည်းများ နောက်ထပ်ဆုံးရှုံးရခြင်းကို တားဆီးကာ မိမိကိုယ်ကို အားကိုးမှုနှင့် ပြန်လည်ထူထောင်မှုတို့ကို တိုးမြှင့်ပေးသင့်သည်။ဖြစ်နိုင်သည့်နေရာများနှင့် ဆီလျော် သည့်အချိန်များတွင် ရေရှည်တည်တံ့မည့် အခွင့်အလမ်းများကို မျှော်မှန်းကာ လက်ရှိ အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများ၊ရှင်သန်ရပ်တည်မှုနည်းဗျူဟာများကိုကူညီ ထောက်ပံ့သင့်သည်။
- အစားအစာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အေဂျင်စီနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊မပူးပေါင်းဘဲဖြစ်စေ၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လက်ရှိကျွမ်းကျင်မှုများနှင့် စခန်းတွင် နေထိုင်သူများအတွက်စခန်းတွင်းနှင့် စခန်းပြင်ပရှိအသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဆန်းစစ်သုံးသပ် သင့်သည်။
- စခန်းတွင်နေထိုင်သူများသည် ဒေသတွင်းဈေးများသို့ သွားရောက်ခွင့်၊ အသုံးပြုခွင့် ရှိသင့်သည်။ ဈေးများကို စခန်းအတွင်း၌ တည်ထားသင့်သည်။ ယင်းနေရာသည် စခန်းတွင်နေထိုင်သူများနှင့် အိမ်ရှင်လူထုအကြား ကုန်သွယ်မှုဖလှယ်ခြင်းကို ပံ့ပိုးဆောင်ရွက်နိုင်သည့်နေရာ ဖြစ်သည်။ သို့ရာတွင် ဈေးများသည် "ဆွဲအားအချက်" (pull-factor) တစ်ချက်ဖြစ်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အားလုံး ဘေးကင်းစွာ အသုံးပြုနိုင်ရန် တိုးမြှင့်ဆောင်ရွက်သင့်ပြီး ယင်းကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီက စောင့်ကြည့်စစ်ဆေးသင့်သည်။ ဈေးနေရာကို စီစဉ်ရန်နှင့် နေ့တဓူဝလုပ်ငန်းများကို စီမံခန့်ခွဲရန် စခန်းကော်မတီကို ခန့်အပ်တာဝန်ပေးသင့်သည်။
- စခန်းအနီးရှိ စီမံချက်များ (ဥပမာ ရွေးချယ်ထားသော စခန်းနေရာသစ်ကို ရှင်းလင်းခြင်း) တွင် စခန်းနေလူထုအား အလုပ်ခန့်အပ်ခြင်းသည်လည်း စခန်းနေလူထုအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ပံ့ပိုးပေးသည့် အခြားသောနည်းလမ်းတစ်ခု ဖြစ်သည်။ ဥပမာ - အလုပ်အတွက် အစားအစာများ ပေးခြင်း (FFW) သို့မဟုတ် အလုပ်အတွက် ငွေသားပေးခြင်း (CFW)

## မိတ်ဆက်

### အသက်မွေးဝမ်းကျောင်း ဆိုသည်မှာ အဘယ်နည်း။

"အသက်မွေးဝမ်းကျောင်းတစ်ခုတွင် အသက်မွေးမှု နည်းလမ်းတစ်ရပ်အတွက် လိုအပ်သော စွမ်းရည်များ၊ ပိုင်ဆိုင်ပစ္စည်းများနှင့် ဆောင်ရွက်ချက်များ ပါဝင်သည်။ အသက်မွေးဝမ်းကျောင်းသည်ဖိစီးမှုများနှင့် တုန်လှုပ်ခြောက်ခြားမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး ယင်းတို့မှ ပြန်လည်နလန်ထူလာနိုင်ကာ သဘာဝအရင်းအမြစ် အခြေအနေကို မလျော့ပါးစေဘဲ ယခုအချိန်တွင်ရော၊ နောင်အနာဂတ်တွင်ပါယင်း၏ စွမ်းရည်များနှင့် ရင်းမြစ်များကို ထိန်းသိမ်းနိုင်လျှင် သို့မဟုတ် မြှင့်တင်နိုင်လျှင် အသက်မွေးဝမ်းကျောင်းသည် ရေရှည်တည်တံ့သည်။"
ယူကေ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဌာန (DFID)၊ ၂၀၀၀။

### ဒဏ်ခံနိုင်မှု ဆိုသည်မှာ အဘယ်နည်း။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)အရ ဒဏ်ခံနိုင်မှု ဆိုသည်မှာ "တုန်လှုပ်ခြောက်ခြားမှုများကို ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ရန်၊ စီမံခန့်ခွဲရန်၊ ပြန်လည်ထူထောင်ရန်နှင့် ပြောင်းလဲရန်တို့ကို ဆောင်ရွက်ရန်အတွက်လူအများ၊လူထုနှင့် နိုင်ငံများ၏စွမ်းဆောင်ရည်များကိုအားဖြည့်ပေးသည့် အကူးအပြောင်း လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။" တစ်ဦးချင်းပုဂ္ဂိုလ်အဆင့်တွင် ဒဏ်ခံနိုင်မှုဆိုသည်မှာ ဆင်းရဲမှုနှင့်ကြုံတွေ့ရသည့်အခါ အပြုသဘောဆောင်သည့် အလိုက်သင့်ပြောင်းလဲခြင်း သို့မဟုတ်ပြန်လည်ထူထောင်နိုင်သည့် စွမ်းရည် ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ဘဝနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုအကြောင်းအချက်များတွင် ဒဏ်ခံနိုင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ဖော်သည့်အချက်များ ပါဝင်သည်။ ဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခ အခြေအနေများတွင် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းနေလူထု၏ သာယာဝပြောရေးကို အထောက်ကူပြုသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် ဦးတည်လိမ့်မည်။ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်ချက်များသည် စခန်းနေလူထုအကြား ဒဏ်ခံနိုင်မှုကို တည်ဆောက်ရန် အကူအညီပေးသည်။ ထို့ပြင် ၄င်းတို့သည် မိမိကိုယ်ကို အားကိုးမှုအတွက် အရေးကြီးသော ခြေလှမ်းတစ်ခုလည်း ဖြစ်သည်။

သဘာဝဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခကြောင့် လူသားအရင်းအမြစ်များ၊ ရုပ်ပိုင်းဆိုင်ရာ၊ သဘာဝ၊ ဘဏ္ဍာရေးနှင့် လူမှုရေးအရင်းအမြစ်များ ဆုံးရှုံးသွားသော နေရပ်စွန့်ခွာရွှေ့ပြောင်းသူများတွင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ရန်၊ ပြန်လည်ထူထောင်ရန်၊ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန် နှင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် အခွင့်အရေးရှိသည်။ လူထုသည် မိမိတို့၏အခြေခံလိုအပ်ချက်များနှင့် အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် အခြားသောသူများ၏ အကူအညီများနှင့် ဝန်ဆောင်မှုများအပေါ် အဓိကအားဖြင့် မှီခိုအားထားနေသည့် စခန်းအခြေအနေတွင် ဤအချက်သည် အထူးအရေးကြီးသည်။ အသက်မွေးဝမ်းကျောင်းများသည် အစားအစာဖူလုံရေးကို အထောက်အကူပြုသည်၊ မှီခိုမှုကို တားဆီးပေးသည်၊ ဘေးအန္တရာယ်ကျရောက်လွယ်မှုကို လျှော့ချသည်၊ မိမိကိုယ်ကိုအားကိုးမှုကိုမြှင့်တင်ပေးသည်။ ထို့ပြင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေစဉ်အတွင်း သီးခြားတိကျသော ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေနိုင်သည် သို့မဟုတ် တည်ဆောက်ပေးနိုင်သည်။ ယင်းသည်ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်သူများ၏ သာယာဝပြောရေးနှင့် အနာဂတ်အခွင့်အလမ်းများ အတွက်လည်း ကောင်းသော သက်ရောက်မှုများ ရှိနိုင်သည်။

ကျွမ်းကျင်မှုသင်တန်းများ၊ စိုက်ပျိုးရေးအထောက်အပံ့များ၊ သင့်လျော်သည့်နေရာများတွင် ဝင်ငွေရရှိနိုင်သည့် ဆောင်ရွက်ချက်များကို ပံ့ပိုးပေးရန် သက်ဆိုင်ရာအေဂျင်စီများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူထုတစ်ရပ် လုံး၏ နေထိုင်မှုအဆင့်ကို တိုးမြှင့်ပေးရန်၊ အပြုသဘောဆောင်သော အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများကို ပံ့ပိုးပေးရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက အကူအညီပေးနိုင်သည်။ ယင်းတို့သည် အိမ်ရှင်လူထုနှင့် ဒေသဈေးကွက်အပေါ်တွင်လည်း အကျိုးပြုနိုင်သည်။ အထူးသဖြင့် လောင်စာထင်း၊ စားကျက်မြေနှင့် ဘေးဥပါဒ်ဖြစ်စေနိုင်သောအရာများ မပါဝင်သည့်

သောက်သုံးနိုင်သောရေ ကဲ့သို့သော အရင်းအမြစ်များ ရှားပါးသည့်နေရာများတွင် ယုံကြည်မှု တည်ဆောက်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်ရမည်။ ယင်းစီမံချက်များကို စခန်းနေလူထုနှင့် ဒေသခံ လူထု၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် အခြေအနေများအား အများပါဝင်ဆောင်ရွက်သည့် လေ့လာသုံးသပ်မှု (participatory analysis) ပေါ်တွင် အခြေခံသင့်သည်။

အပျက်သဘောဆောင်သည့် စီမံခန့်ခွဲမှုနည်းလမ်းများကို လက်ခံကျင့်သုံးရန် စခန်းနေလူထုအား ဖိအားပေးခြင်းကို လျှော့ချနိုင်သည့်နည်းလမ်းဖြင့် အကူအညီများကို ပံ့ပိုးပေးကြောင်း သေချာစေရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍဖြစ်သည်။ အပျက်သဘောဆောင်သည့် စီမံခန့်ခွဲမှုနည်းလမ်းများဆိုသည်မှာ လိင်ဖြင့် အသက်မွေးရခြင်း၊ခိုးယူခြင်း သို့မဟုတ် လာဘ်ထိုးခြင်း သို့မဟုတ် ခြယ်လှယ်ခြင်းတို့ဖြင့် အခမဲ့ပေးသော ပစ္စည်းများကို ရယူသုံးစွဲခြင်း ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ တိုးတက်လာမှုသည် ရွှေ့ပြောင်းနေထိုင်သည့်နေရာ အတွင်းနှင့် ဝန်းကျင် လုံခြုံရေးအပေါ်တွင်လည်း ကောင်းသောအကျိုးသက်ရောက်မှုရှိသည်။ အလုပ်အကိုင်နှင့် ယင်းမှပေါ်ထွက်လာသည့်အပြုသဘော ဆောင်သော အာရုံစူးစိုက်ထားမှုတို့သည် ပျင်းရိခြင်း၊ စိတ်ပျက်ခြင်းနှင့် ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက် သို့မဟုတ် အကြမ်း ဖက်မှုများကို လျှော့ကျစေရန် အထောက်အကူ ပြုနိုင်သည်။ အရက် သို့မဟုတ် မူးယစ်ဆေးစွဲခြင်းနှင့် ကျားမလူမှုကဏ္ဍကွဲပြား မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများနှင့် စပ်လျဉ်းသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များကို တိုက်ဖျက် ရာတွင်လည်း အထောက်အကူပြုနိုင်သည်။ အလုပ်လုပ်ရန်၊ အသေးစား ဆောင်ရွက်ချက်များတွင်ပါဝင်ရန်၊အစားအစာ များကို လွတ်လပ်စွာရယူရန်တို့သည် ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကို လေးစားမှုတို့အပေါ် အပြုသဘောဆောင်သည့် သက်ရောက် မှုရှိသည်။ ထို့ပြင် အိမ်ရှင်လူထုအဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်လာနိုင်ခြေကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။ အရေးပေါ် အခြေအနေကြောင့် ထိခိုက်ခံရသော လူထု အများအပြားကို သင့်တော်သည့်သင်တန်းများပေးရန်အတွက် အခွင့်အလမ်းကို စခန်းများက ပံ့ပိုးပေးသည်။ သင်တန်းများမှ ရရှိသော ကျွမ်းကျင်မှုများ၊ စွမ်းရည်များသည် ၎င်းတို့ နောက်ဆုံးနေရပ်ပြန်သည့်အ ချိန်တွင် အထောက်အကူ ပေးနိုင်သည်။ အစားအစာဖူလုံရေးကို မြှင့်တင်ပေးသည့် စခန်းအခြေအနေများတွင် အများအားဖြင့် ပံ့ပိုးပေးသည့် အပြုသဘောဆောင်သော အသက်မွေးဝမ်းကျောင်း အစီအစဉ်များ၊ နည်းဗျူဟာများတွင် အောက်ပါတို့ ပါဝင်သည်။

- ➔ မျိုးစေ့များနှင့် ကိရိယာများ ဖြန့်ဝေပေးခြင်း၊အစားအစာ ပြုပြင်ထုတ်လုပ်ရေးအတွက် ပံ့ပိုးပေးခြင်း သို့မဟုတ် သင်တန်းများပို့ချပေးခြင်းတို့မှတဆင့် ဈေးဥယျာဉ်ခြံကို တိုးတက်အောင် လုပ်ဆောင်နိုင်သည်။
- ➔ ပစ္စည်းများ ထောက်ပံ့ပေးခြင်း နှင့် လက်ရှိ ထုတ်လုပ်မှုပုံစံများကို ပံ့ပိုးပေးခြင်းတို့မှတဆင့် ငါးမွေးမြူရေး၊ ကြက်ဘဲ သို့မဟုတ် ခြံမွေးတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများကို အထောက်အကူ ပေးနိုင်သည်။
- ➔ စခန်းရှိ အခြားသူများ သို့မဟုတ် အိမ်ရှင်လူထုနှင့် ရောင်းဝယ်ဖောက်ကားမှုများ၊ ကုန်သွယ်မှုများ ဆောင်ရွက်ရန် တိုက်တွန်းရာတွင် အခြေခံအဆောက်အအုံများ၊ လုံလောက်သော လုံခြုံရေးဆောင်ရွက်မှုများ သို့မဟုတ် ဆိုင်များတွင် လဲလှယ်ရန်အတွက် အစားအစာ သို့မဟုတ် ငွေသားဘောက်ချာများ ပံ့ပိုးပေးရန် လိုအပ်နိုင်သည်။ အထူးသဖြင့် စခန်းများတွင် ဖြန့်ဝေပေးသော အစားအစာနှင့် အစားအစာ မဟုတ်သော လူသုံးပစ္စည်း များသည် ဈေးများတွင် ပြန်လည်ရောင်းချခံရခြင်းဖြင့် အဆုံးသတ်မသွားသင့်ပါ။ အကယ်၍ ထိုပစ္စည်းများကို ဒေသဈေးများတွင် ရောင်းချခြင်းသည် သိသာထင်ရှားသည့်အဆင့်ဖြစ်လာပါက ယင်းမှာ အဓိကလိုအပ်ချက်များကို လေ့လာစိစစ်မှု ညံ့ဖျင်းခြင်းကြောင့် နှင့်/သို့မဟုတ် ထိုပစ္စည်းများ၏ အရေးကြီးမှုကို မသိရှိသောကြောင့် ဖြစ်နိုင်သည်။
- ➔ အသေးစားလုပ်ငန်းများအတွက် ထောက်ပံ့ကြေးများ သို့မဟုတ်အသေးစားချေးငွေလုပ်ငန်းများ လိုအပ်သည်။ ယင်းအစီအစဉ်များသည် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်း၊ ရောင်းဝယ်ဖောက်ကားမှုသင်တန်း၊ စာရင်းကိုင်နှင့် လူ့အရင်းအမြစ် သင်တန်းများကို ပံ့ပိုးပေးသည်။
- ➔ စက်ချုပ်ခြင်း၊ ဆံပင်အလှပြင်ခြင်း သို့မဟုတ် လက်မှုပစ္စည်းများထုတ်လုပ်ခြင်း စသော အသက်မွေးမှုသင်တန်းနှင့် ဆက်စပ်သည့်ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများအတွက် လုပ်ငန်းဆိုင်ရာ သင်တန်းများ လိုအပ်သည်။
- ➔ ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများသည် ဈေးကွက်အထောက်အပံ့များသို့မဟုတ် ကုန်ပစ္စည်းများကို အစိုးရက ထောက်ပံ့ပေးကာ ဈေးနှုန်းများကို ထိန်းချုပ်ထားသည့် ဈေးနှုန်းသင့်တင့်သည့် ဆိုင်များကို အသုံးပြုခွင့်များလည်း လိုအပ်နိုင်သည်။
- ➔ လုပ်ခစားအလုပ်များသည် စခန်းပြင်ပတွင်လည်း ဖြစ်နိုင်သည်။ ယင်းတို့ကို စခန်းထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်မှ တဆင့် အလုပ်ပေးထားခြင်း ဖြစ်နိုင်သည်။ အလုပ်အတွက် အစားအစာများ ပေးခြင်း (FFW) သို့မဟုတ် အလုပ်အတွက် ငွေသားပေးခြင်း (CFW) တို့သည် သင့်တော်နိုင်သည်။

အလားအလာအကောင်းဆုံးအဖြစ် လူအများ ရွေးချယ်လိုက်သည့် နည်းဗျူဟာများသည် ၎င်းတို့၏ ကိုယ်ပိုင်ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှု၊ စွမ်းဆောင်ရည်၊ အရင်းအမြစ်များနှင့် လူမှုရေး လုပ်ထုံးလုပ်နည်းများ နှင့်တကွ အိမ်ရှင်လူထု ၏ စည်းမျဉ်းများ၊ စခန်းမူဝါဒများ၊ လုံခြုံရေးအခြေအနေနှင့် ရရှိနိုင်သော၊မြင့်တင်နိုင်သော အခွင့်အလမ်းများပေါ်တွင် မူတည်လိမ့်မည်။

## အဓိက အရေးကိစ္စများ

## အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

### နေရာဒေသတစ်ခုကို ရွေးချယ်ခြင်း

စခန်းတွင်နေထိုင်သူများအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများအပေါ် အရေးအကြီးဆုံး သက်ရောက်မှုများထဲမှတစ်ခုကို စခန်းနေရာကို ရွေးချယ်နေစဉ်အတွင်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့်ကြုံတွေ့ရနိုင်သည်။ စခန်းတည်နေရာသည် လူထု၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် ရွေးချယ်မှုများအပေါ် ကြီးမားသော သက်ရောက်မှု ရှိနိုင်သည်။ စခန်းအသစ်များကိုအလုပ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ ဝေးကွာသည့်နေရာများတွင် တည်ထားခြင်းသည် နေထိုင်သူများအား အကူအညီများအပေါ် မှီခိုနေကြစေရန်နှင့် ဒေသခံလူထုနှင့် ဈေးကွက်ဆက်ဆံရေးများကို ခက်ခဲစေရန် တွန်းအားပေးရာရောက်သည်။ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းအပေါ် အမှီပြုနေသည့် လူထုအတွက် လုံလောက်သော စားကျက်မြေနှင့် ရေအရင်းအမြစ်များကို အသုံးပြုခွင့်ရရှိနိုင်ရေး၊ စခန်းအတွင်းတွင် တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းအတွက် နေရာလွတ်များ ပံ့ပိုးပေးရေး၊ တိရိစ္ဆာန်ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးရေးတို့သည် စခန်းနေရာကို ရွေးချယ်စဉ်တွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ ဖြစ်သည်။

☛ စခန်းနေရာ ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၇) စခန်း ထူထောင်ခြင်းနှင့် ပိတ်သိမ်းခြင်း - အခန်းကို ကြည့်ပါ။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက်- ပြန်လည်နေရာချထားခြင်း၏ အကျိုးဆက်များ

သီရိလင်္ကာနိုင်ငံတွင် ဆူနာမီတိုက်ခတ်ပြီးနောက် တောင်ပိုင်းရှိ ငါးဖမ်းသည့်အလုပ်ကို လုပ်ကိုင်သည့် နေရပ်စွန့်ခွာရွှေ့ပြောင်းရသောလူထုသည် ကုန်းတွင်းပိုင်းရှိစခန်းများနှင့် ယာယီစခန်းနေရာများသို့ ပြောင်းရွှေ့ခဲ့ကြသည်။ လူထုသည် ဘေးအန္တရာယ်ကျရောက်ပြီးပြီးချင်းတွင် ပင်လယ်အနီးတွင် နေထိုင်ရန်ကြောက်ရွံ့ကြကြောင်း ဤအချက်က တစ်စိတ်တစ်ပိုင်းအားဖြင့်ဖော်ပြသည်။ သို့ရာတွင် ဘဏ္ဍာရေးနှင့် နိုင်ငံရေးဆိုင်ရာ စဉ်းစားရန် အချက်များကလည်း စခန်းနေရာ ရွေးချယ်မှုအပေါ် တွန်းအားပေးသည်။ ကမ်းရိုးတန်းနှင့် ဝေးကွာသောမြေသည် ပိုမိုဈေးသက်သာသည်။ အစိုးရသည် ကမ်းရိုးတန်း ကြားခံဇုန်တစ်ခုကို တည်ထောင်လိုသည်။ ယင်းနေရာအတွင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို ခွင့်မပြုပါ။ ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းရခြင်း၏ အကျိုးဆက်မှာ ငါးဖမ်းလုပ်ငန်းအပေါ် အမှီပြုနေသည့် မိသားစုများသည် ယခုအချိန်တွင် ပင်လယ်သို့အလွယ်တကူနှင့် ချက်ချင်းမရောက်ရှိနိုင်သည့် ဝေးကွာသည့် ကုန်းတွင်းပိုင်းဒေသတွင် အခြေချနေကြရသည်။ ယင်းအတွက်ကြောင့် အမျိုးသားများသည် ကမ်းခြေရှိ ယာယီတင်းကုပ်များတွင် နေထိုင်ရန် ၎င်းတို့ကိုယ်တိုင် ရွေးချယ်ကြသည်။ကမ်းခြေဒေသဆိုသည်မှာ ၎င်းတို့ အချိန်ကာလအတော်များများ နေထိုင်ခဲ့ရာနေရာ၊ မနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ငါးဖမ်းခဲ့ရာ နေရာဖြစ်သည်။မိသားစုများနှင့် ဝေးကွာသည့်နေရာများတွင် နေထိုင်ခြင်းကြောင့် အမျိုးသားများသည် အရက်စွဲမှုများ မြင့်တက်လာသည်ဟု အမျိုးသမီးများက အစီရင်ခံကြသည်။

### လိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း

စခန်းအဆင့်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှု တာဝန်ဝတ္တရား၏ ကဏ္ဍတစ်ခုအဖြစ် စခန်းနေလူထု၏ အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများကို တိုးမြှင့်ရန် ကြိုးပမ်းလိမ့်မည်။ အထူးသဖြင့် အထူးပြု အသက်မွေးဝမ်းကျောင်း အေဂျင်စီမရှိသည့်အချိန်တွင် ကြိုးပမ်းဆောင်ရွက်လိမ့်မည်။ အဓိကအရေးကြီးသည့် ကိစ္စရပ်မှာ လိုအပ်ချက်များ၊ အရင်းအမြစ်များ၊ စွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများနှင့် လူမှု စီးပွားရေးနှင့် နိုင်ငံရေး/ ဥပဒေရေးရာ

နောက်ခံသမိုင်းကြောင်းများကို တိကျပြည့်စုံပြီး အများပါဝင်စေသည့် နည်းလမ်းဖြင့် ဆန်းစစ်အကဲဖြတ်ရန် ဖြစ်သည်။ စခန်းလူထုအတွင်း ဆန်းစစ်အကဲဖြတ်ချက်များသည် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

- ယခင်နှင့် ယခု အသက်မွေးဝမ်းကျောင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းဗျူဟာများ။
- အမျိုးသမီးများ၊ သီးခြားလိုအပ်ချက်ရှိသူများအပါအဝင် အိမ်ရှင်လူထုနှင့် လူနည်းစုအုပ်စုများ၏ ကျွမ်းကျင်မှုများ၊ အသိပညာနှင့် စွမ်းဆောင်ရည်များ။
- လူမှုရေးအလွှာများနှင့် ဘေးအန္တရာယ်ကျရောက်နိုင်မှု အဆင့်များ။
- မတူညီသော အခန်းကဏ္ဍများနှင့် လူမှုရေး အခြေအနေများရှိသည့် အုပ်စုအမျိုးအမျိုး၏ ရှုထောင့်များနှင့် ဦးစားပေးကိစ္စများ
- ရရှိနိုင်သော ရင်းမြစ်များ (လူသား၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် သဘာဝ)
- အိမ်ထောင်စု အသုံးစရိတ် ပုံစံများနှင့် ငွေသားနှင့် အစားအစာ ရင်းမြစ်များ
- နေရပ်ပြန်ခြင်း၊ ပြန်လည်နေရာချထားခြင်း သို့မဟုတ် ဒေသခံများနှင့် ပေါင်းစည်းခြင်းတို့တွင် အသုံးအဝင်ဆုံးဖြစ်နိုင်သည့် အလားအလာရှိသည့် စွမ်းရည်များ၊ ကျွမ်းကျင်မှုများ

အောက်ပါတို့ကို ဆန်းစစ်အကဲဖြတ်ရန်လည်း အရေးကြီးသည်။

- သီးခြား ကုန်စည်များနှင့် ဝန်ဆောင်မှုများအပေါ် ဒေသ၏တောင်းဆိုမှု
- ရှိခဲ့သော် လူအများသည် မည်သည့်နေရာတွင် ငွေများကို မည်သို့ စုဆောင်းမည်နည်း
- စခန်းနေလူထုနှင့် အိမ်ရှင်လူထုအကြား လက်ရှိတည်ရှိနေသော စီးပွားရေး ဆက်နွယ်မှု နှင့် ကုန်သွယ်မှု၊ ကုန်စည်များနှင့် လုပ်သား စီးဆင်းမှု
- စခန်း ဆောင်ရွက်ချက်များမှ ဖြစ်လာနိုင်သည့် လူမှုရေး၊ စီးပွားရေး နှင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ။
- စခန်းတွင် နေထိုင်သူများမှ အိမ်ရှင်လူထုအပေါ် ကျရောက်စေနိုင်သည့် နိုင်ငံရေးနှင့် လူမှုရေး အကျိုးသက်ရောက်မှုများ၊ (အထူးသဖြင့် လုပ်သား၊ လောင်စာထင်းနှင့် စားကျက်မြေများ ရယူသုံးစွဲရာတွင်)

## နေရပ်စွန့်ခွာနေထိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်း

အရေးပေါ်အခြေအနေများ ဖြစ်ပွားပြီးသည့်နောက် လက်ကမ်းမှတ်စု အများအပြားကို လျင်မြန်စွာ ဖြန့်ဝေခြင်းအား သင်တန်း သို့မဟုတ် ဝင်ငွေရရှိနိုင်သည့် အစီအစဉ်များထက် ပိုမိုဦးစားပေးသည့် အချိန်မျိုးတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များသည် အစောပိုင်း ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် တိုက်ရိုက် ဆက်စပ်မှုရှိသည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီအနေဖြင့် နောက်တစ်ဆင့် လုပ်ဆောင်ရမည်မှာ ကာကွယ်စောင့်ရှောက်မှု၊အစောပိုင်း ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့ကိုလုပ်ဆောင်သူများ၊နေရပ်စွန့်ခွာ နေထိုင် ရသည့် လူထုနှင့်တကွ အိမ်ရှင်လူထုတို့နှင့် ပူးပေါင်းကာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များအတွက် မည်သည့် ဦးစားပေးကိစ္စရပ်များသည် ဖြစ်နိုင်ပြီး တိုးမြှင့်ဆောင်ရွက်သင့်သည်ကို ဆွေးနွေးရန် ဖြစ်သည်။

နေရပ်စွန့်ခွာနေထိုင်ရသည့် လူထုကို ပါဝင်စေခြင်းသည် ပြည့်စုံသော၊ အားလုံးပါဝင်သော ရေရှည် ဆောင်ရွက်ပုံ နည်းလမ်းတစ်ခုကို ဖြစ်စေသည်။ အရေးပေါ်အခြေအနေကြောင့် ထိခိုက်ခံရသောလူထုနှင့် အိမ်ရှင်လူထုတို့၏ လက်ရှိ လုပ်ပိုင်ခွင့်ဆိုင်ရာ ဖွဲ့စည်းပုံစနစ်များကို သတ်မှတ်ဖော်ထုတ်ကာ ယင်းတို့အပေါ် အခြေပြုနိုင်သည်။ အများပါဝင်စေသည့် ဆန်းစစ်အကဲဖြတ်နည်းလမ်းများသည် လူထုရှိ မတူညီသောအုပ်စုများ၏ အမြင်များနှင့် ဦးစားပေးကိစ္စများကို ဆန်းစစ်အကဲဖြတ်ရန် ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့အပေါ် အာရုံထား ဆောင်ရွက်သင့်သည်။

- ဆွေးနွေးပွဲများ ကျင်းပကာ အုပ်စုများအား အစားအစာ ဖူလုံရေး၊ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများ၊ အခြား စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဆွေးနွေးစေခြင်း။
- အသက်မွေးဝမ်းကျောင်း ကော်မတီတစ်ခု ဖွဲ့စည်းခြင်း သို့မဟုတ် သီးခြား ကျွမ်းကျင်မှုများရှိသော အဖွဲ့ဝင်များနှင့် စိတ်ဝင်စားမှု/ အထောက်အပံ့ အုပ်စုများ ဖွဲ့စည်းခြင်း။
- အမှိုက်စွန့်ပစ်ခြင်းနှင့်အစားအစာသန့်ရှင်းရေးအပါအဝင်ဈေးနေရာဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံခန့်ခွဲမှုကိုအစီအစဉ်ရေးဆွဲရန်အတွက် တာဝန်ရှိသော စခန်း ဈေးကော်မတီ တစ်ခု ဖွဲ့စည်းခြင်း။

- အမျိုးသား၊ အမျိုးသမီးများနှင့် အရွယ်ရောက်သူများအနေဖြင့် ယင်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆက်လက်မြှင့်တင်နိုင်သည့် အမျိုးမျိုးသော နည်းဗျူဟာများကို ထည့်သွင်းစဉ်းစားခြင်း။
- သီးခြားလိုအပ်ချက်ရှိသူများကို ပါဝင်စေခြင်း။

စိုက်ပျိုးရေးလုပ်ငန်း၊ ကျွမ်းကျင်မှုသင်တန်းနှင့် ဝင်ငွေရရှိနိုင်သည့် ဆောင်ရွက်ချက်များတွင် အမျိုးသမီးများကို တန်းတူညီမျှစွာနှင့် ယဉ်ကျေးမှုနှင့်လျော်ညီစွာ ပါဝင်စေရန် အရေးကြီးသည်။ အမျိုးသမီးများပါဝင်ဆောင်ရွက်မှု အတွက် လိုအပ်ချက်များကို သိရှိနိုင်စေရေးအတွက်စဉ်ဆက်မပြတ်လုပ်ဆောင်သွားရန်၊ ၎င်းတို့ အဆင်ပြေစွာ ပါဝင်ဆောင်ရွက် နိုင်ရန်အတွက် စီစဉ်ပေးရန်တို့ လိုအပ်နိုင်သည်။ အမျိုးသမီးများသည်ဓလေ့ထုံးတမ်းအရ ဆောင်ရွက်ရသော၊ အချိန်များ များပေးရသော အိမ်မှုကိစ္စများကို လုပ်ဆောင်ရသဖြင့် သင်တန်းနှင့် အခြားအလုပ်အကိုင်ဆိုင်ရာ ပဏာမခြေလှမ်းများကို ဂရု တစိုက် စီစဉ်ရန်လိုအပ်သည်။ အမျိုးသမီးများ စဉ်ဆက်မပြတ် ပါဝင်နိုင်စေရန် နေ့ကလေးထိန်းဌာနများ သို့မဟုတ် အခြားသော ကလေးစောင့်ရှောက်မှု အစီအစဉ်များကို ထူထောင်ရန် စဉ်းစားပါ။ အချို့သော ယဉ်ကျေးမှုဓလေ့များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်းသည် ၎င်းနှင့် အဖော်အဖြစ်လိုက်ပါရန် ခွင့်ပြုထားသော အမျိုးသား သို့မဟုတ် အမျိုးသမီး ဆွေမျိုးပေါ်တွင် မူတည်နိုင်သည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက်- စခန်းတွင် နေထိုင်သူများရော၊ အိမ်ရှင်လူထုပါ အကျိုးကျေးဇူးရရှိသည့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ**

ဂရုတစိုက်ထိန်းချုပ်ထားသောအခြေအနေများတွင် နေရပ်စွန့်ခွာနေထိုင်ရသူများသည် မိမိတို့၏စခန်းများ တည်ဆောက်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ တစ်ချိန်တည်းမှာပင် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးနေခြင်းဖြစ်သည်။ သီရိလင်္ကာနှင့် ဆီယာရာလီယွန်တို့တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် ထန်းလက်ဖြင့် ပြုလုပ်ထားသည့် အသုံးဝင်ပြီး ငွေကုန်သက်သာသော အမိုးအကာပစ္စည်းများအတွက် တောင်းခံချက်များကို တုံ့ပြန်ဆောင်ရွက်ပေးခြင်းဖြင့် စခန်းတွင်နေထိုင်သူများနှင့် အိမ်ရှင်လူထုကို ကူညီပေးခဲ့သည်။ လူထုနှစ်ခုသည် ကန်ထရိုက်အလုပ်များကို ဝေမျှဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးများသည်လည်း တိုးတက်လာခဲ့သည်။ အိမ်ရှင်လူထုသည် ကုန်ကြမ်းများကို ဆွတ်ခူးကြပြီး စခန်းတွင် နေထိုင်သူများက ပြင်ဆင်ရက်လုပ်ကြသည်။ ဤနည်းဖြင့် နေရပ်စွန့်ခွာနေထိုင်ရသူများသည် မိမိတို့၏ ကိုယ်ပိုင်စခန်းများ ဆောက်လုပ်ရာတွင် ပါဝင်နိုင်ပြီး ဂုဏ်ယူမှုနှင့် ပိုင်ဆိုင်မှုတို့ကို မြှင့်တက်စေသည်။ တစ်ချိန်တည်းမှာပင် အရေးကြီးသော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းကိုလည်း ရရှိသည်။

- လူထု ပါဝင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၃)လူထု ပါဝင်ဆောင်ရွက်ခြင်း - အခန်းကို ကြည့်ပါ။

## ဈေးကွက် ဗဟုသုတများ ရယူခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အလားအလာရှိသော ဈေးကွက်ဖလှယ်မှုကို ပံ့ပိုးပေးရန်၊ စခန်းလူထုအနေဖြင့် ဈေးများကို အမှတ်တကယ် ဘေးကင်းစွာ အသုံးပြုနိုင်ကြောင်းကို စောင့်ကြည့်စစ်ဆေးရန်၊ ထောက်ပံ့ပေးရန်အတွက်ဒေသဈေးကွက်နှင့် စီးပွားရေးစနစ်များကို နားလည်ရန် လိုအပ်သည်။ သို့ရာတွင် ဒေသဈေးများ တည်ထောင်မှုကြောင့် ဖြစ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ သီးခြားလိုအပ်ချက်ရှိသူများ အပါအဝင်၊ စခန်းရှိ လူများသည် ဈေးများကို ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအရ အသုံးပြုခွင့်ရှိရန် အရေးကြီးသည်။ အခြေခံ စားသောက်ကုန်များနှင့် အခြားသော မရှိမဖြစ် ကုန်စည်များကို တတ်နိုင်သော ဈေးနှုန်းများဖြင့် ရရှိနိုင်ရမည်။

**စဖီးယား တတိယ စံနှုန်း - အစားအစာ ဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း - ဈေး အသုံးပြုခွင့်**

ဘေးအန္တရာယ် ထိခိုက်ခံစားရသော လူထုသည် ထုတ်လုပ်သူများ၊ စားသုံးသူများ၊ ကုန်စည်ကို ဝယ်ယူရောင်းချသူများကဲ့သို့ ဈေးကွက်ရှိ ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ဘေးကင်းစွာ ရယူအသုံးပြုနိုင်ရန် ကာကွယ်စောင့်ရှောက်ပေးသည်၊ အသုံးပြုခွင့်ကိုမြှင့်တင်ပေးသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းနေလူထုနှင့် အိမ်ရှင်လူထုများနှင့် နီးကပ်စွာ ပူးပေါင်းကာ အရောင်းအဝယ် ပြုလုပ်ရန် ဗဟိုဈေးနေရာ(များ)အတွက် လုံလောက်သော နေရာလွတ်များကို သတ်မှတ်ပေးသင့်သည်။ နောင်တွင် ဤနေရာကို တိုးချဲ့ရန်လိုအပ်နိုင်သည်။ ထို့ပြင် လုံခြုံရေးအန္တရာယ်များနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဂရုတစိုက် ဆန်းစစ်အကဲဖြတ်ရမည်။ ဈေးရှိ အခြေခံအဆောက်အအုံတွင် ယေဘုယျအားဖြင့် အောက်ပါတို့ ပါဝင်သင့်သည်။

- ရာသီဥတုဒဏ် ခံနိုင်သော အမိုးအကာ
- အမျိုးသား၊ အမျိုးသမီးများအတွက် ရေအိမ်များ
- အမှိုက်စွန့်ပစ်ရန် နေရာ
- သီးခြားလိုအပ်ချက်ရှိသော အုပ်စုများအတွက် နေရာထိုင်ခင်း

ဘေးကင်းရေးနှင့် လုံခြုံရေးတို့သည် အရေးကြီးဆုံးဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် နေ့ခင်းတွင်ဖြစ်စေ၊ ညပိုင်းတွင်ဖြစ်စေ လွယ်ကူဘေးကင်းစွာ သွားရောက်နိုင်ရမည်။ ဈေးနေရာများနှင့် ဈေးများသို့ သွားရောက်ရာလမ်းများတွင် မီးများကို ကောင်းစွာထွန်းထားသင့်သည်။ ထို့ပြင် ဈေးနေရာများသည် စခန်းတွင် နေထိုင်သူများနှင့် ဒေသခံလူထုများ အလွယ်တကူသွားရောက်နိုင်သည့် နေရာတွင်တည်ရှိသင့်သည်။ ယင်းသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုများကို တိုက်တွန်းအားပေးရာ ရောက်သည်။

တခါတရံတွင် နေရပ်စွန့်ခွာနေထိုင်ရသည့် လူထုသည် ဆိုင်များနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ၎င်းတို့၏ ယာယီအမိုးအကာများရှေ့ သို့မဟုတ် အစီအစဉ်တကျမဟုတ်သည့် နေရာများတွင် ထူထောင်ဆောင်ရွက်ကြသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဝင်ငွေရရှိသည့်လုပ်ငန်းများကို ဘေးကင်းစွာ ထူထောင်ထားကြောင်း သေချာစေရန်နှင့် ဓာတ်လိုက်ခြင်း၊ ဆီပူလောင်ခြင်းနှင့် မီးလောင်ခြင်း အစရှိသည့် ဖြစ်နိုင်ခြေရှိသောအန္တရာယ်များကိုဖော်ထုတ်ရန်အတွက် စခန်းရှိ စနစ်တကျ သို့မဟုတ် အလွတ်သဘော ထူထောင်ထားသည့် ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းအားလုံးကို မှတ်ပုံတင်ထားနိုင်သည်။ ဖြစ်နိုင်ပါကလူနေထိုင်သည့်နေရာများကို ဆေးကြောသန့်စင်ရာနေရာများနှင့်လုံလောက်သည့် အကွာအဝေးတွင် ထားရှိသင့်သည်။

### အစိုးရ မူဝါဒများဆိုင်ရာ ဗဟုသုတ

ဈေးနှုန်းများ၊ ကုန်သွယ်မှုမူဝါဒများနှင့် ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများဆိုင်ရာ အစိုးရမူဝါဒများသည် ဈေးများကို အသုံးပြုနိုင်မှုနှင့် ဈေးများတွင် ရရှိနိုင်မှုတို့အပေါ် လွှမ်းမိုးသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ယင်းတို့၏ ထောက်ပံ့ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ရေးအလုပ်များနှင့် စပ်လျဉ်းပြီး အခြားသော အေဂျင်စီများကို အသိပေးရန်အတွက် အစိုးရ၏ စည်းမျဉ်းမူဘောင်များကို နားလည်ရန် အရေးကြီးသည်။

## ဈေးများနှင့် အရင်းအမြစ်များ အသုံးပြုခွင့်ကို ပံ့ပိုးပေးခြင်း

နေရပ်စွန့်ခွာနေထိုင်ရသည့် အချို့သော အခြေအနေများတွင် ဈေးများနှင့် အရင်းအမြစ်များကို အသုံးပြုခွင့်သည် အကန့်အသတ်ဖြင့်သာရှိသည် သို့မဟုတ် အသုံးပြုခွင့်ပင် မရှိပါ။ အချို့သော အခြေအနေများတွင် ဖြစ်နိုင်ခြေ မရှိသော်ငြားလည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အိမ်ရှင်လူထုနှင့် စီးပွားရေးဆိုင်ရာ ဖလှယ်မှုများ ဆောင်ရွက်ရန်နှင့် သဘာဝအရင်းအမြစ်များကို ဝေမျှရန် စခန်းလူထုကိုယ်စား ဆောင်ရွက်သင့်သည်။ သစ်တောများ၊ စားကျက်မြေများ၊ လောင်စာထင်း ရရှိရာ နေရာများ၊ ငါးဖမ်းကန်များအစရှိသောအရေးကြီးသည့်ပတ်ဝန်းကျင်ဆိုင်ရာအရင်းအမြစ်များကို အသုံးပြုခွင့်ရရှိနေစေရန် ဆောင်ရွက်ပေးနိုင်သည်။ အကယ်၍ စခန်းအဆင့်တွင် စခန်းစီမံအုပ်ချုပ်မှုနှင့်အတူ ဖြေရှင်းချက်တစ်ရပ်ကို မရရှိပါက ဒေသအဆင့်ရှိ အစုအဖွဲ့ကဏ္ဍ ဦးဆောင်အဖွဲ့ (Cluster/Sector Lead) က ကူညီပံ့ပိုးပေးရမည်။

စခန်းတည်နေရာ အများစုတွင် ပတ်ဝန်းကျင် ထိခိုက်မှုများနှင့် ရှားပါးသော သဘာဝအရင်းအမြစ်များ ပျက်စီးမှုများသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်သည်။ သဘာဝအရင်းအမြစ်များ အသုံးပြုမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များသည် တင်းမာမှု၏ ရင်းမြစ်တစ်ခု ဖြစ်နိုင်ပြီး အိမ်ရှင်လူထုနှင့် စခန်းနေလူထု အကြားရှိ ပဋိပက္ခတစ်ခုလည်း ဖြစ်နိုင်သည်။ ရေနှင့် သစ်များကဲ့သို့သော သဘာဝအရင်းအမြစ်များ ပျက်စီးမှု သို့မဟုတ် ယိုယွင်းမှုတို့သည် အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများအပေါ် ကြီးမားသောသက်ရောက်မှု ရှိသည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် အိမ်ရှင်လူထုများအပေါ် ကျရောက်နိုင်သည့် နောက်ဆက်တွဲဝန်ထုပ်ဝန်ပိုးများကို သိရှိနားလည်ရန်နှင့်အိမ်ရှင်လူထုများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ

ဆန်းစစ်အကဲဖြတ်ချက်တွင် ပါဝင်စေရန် အရေးကြီးသည်။ သဘာဝအရင်းအမြစ်များ ရယူသုံးစွဲမှုအတွက် ဒေသ၏ နည်းဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာရမည်၊ ထို့ပြင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် စခန်းလူထုအား အသိပညာမြှင့်တင်မှုများသီး ခြားဆောင်ရွက်ပေးရန်နှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကိုပြုလုပ်ရန် လိုအပ်နိုင်သည်။စခန်းလူထုနှင့် အိမ်ရှင်လူထုသည်သဘာဝ အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို စောင့်ကြည့်စစ်ဆေးရာတွင် တက်ကြွစွာ ပါဝင်ရမည်။ သို့ဖြင့် ပြဿနာများကို ဖြေရှင်းနိုင်ပြီး ဖြေရှင်းရန် နည်းလမ်းများကို ဖော်ထုတ်နိုင်မည်။

☛ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက -အခန်း (၆) ပတ်ဝန်းကျင် - အခန်းကို ကြည့်ပါ။

## အလုပ်အကိုင် အခွင့်အလမ်းများ

- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ဖြစ်နိုင်ခြေရှိသည့်အခါတိုင်းတွင် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်ကြောင်းကို သိရှိရမည်။ ယင်းတွင် အခြေခံ အဆောက်အအုံများကို တည်ဆောက်ခြင်း၊ ဒေသခံလူထုအတွက် အလုပ်အကိုင်များ ဖန်တီးပေးသည့် နည်းလမ်းကို အသုံးပြုခြင်းတို့ ပါဝင်နိုင်သည်။ အခြေအနေပေးပါက အလုပ်အကိုင် အခွင့်အလမ်းများကို မျှဝေရန်နှင့် ကျွမ်းကျင်မှုများ မျှဝေခြင်းကို မြှင့်တင်ရန် စခန်းတွင် နေထိုင်သူများနှင့် ဒေသခံလူထုကို အလုပ်ခန့်အပ်သင့်သည်။ စခန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည့် အခြားသော ဝန်ဆောင်မှုပေးသူများအားလုံးကို လည်း ဤမူဝါဒကို လိုက်နာကျင့်သုံးရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီ အနေဖြင့် တိုက်တွန်းသင့်သည်။

အောက်ပါအချက်များကို သတိရပါ။

- ➔ ငွေ/ ဆုကြေး ပေးချေသည့်နည်းလမ်းများနှင့် လစာအဆင့်များကို လုပ်ငန်းရှင်အေဂျင်စီ အားလုံးအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်သည်။ အခက်အခဲများနှင့် အငြင်းအခုံများကို ကန့်သတ်ထိန်းချုပ်ရန်အတွက် အစိုးရ၏ နေ့စဉ် လုပ်အားခ သတ်မှတ်ချက်များကို စံအဖြစ် မှတ်ယူသင့်သည်။
- ➔ အခက်အခဲများနှင့် အငြင်းအခုံများကို ကန့်သတ်ထိန်းချုပ်ရန် စခန်းတွင်နေထိုင်သော လူထုအတွက် ရည်ရွယ်ထားသော အကူအညီပေးသည့် ဆောင်ရွက်ချက်များတွင် အိမ်ရှင်လူထု ပါဝင်ရမည်။
- ➔ ဘေးအန္တရာယ်ကျရောက်လွယ်သော မိသားစုဝင်များ ရှိသည့် အိမ်ထောင်စုများနှင့် ဝင်ငွေရှာသူ မရှိသည့် အိမ်ထောင်စုများကို ဦးစားပေးရမည်။
- ➔ အလုပ်အကိုင် ခန့်အပ်ခံရသည့် အမျိုးသား၊ အမျိုးသမီးများ၊ လူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများနှင့် မသန်စွမ်းသူများ အချိုးအစားသည် စခန်းရှိ ဤအုပ်စုများ၏ အချိုးကို ထင်ဟပ်သင့်သည်။ ယင်းသည် အေဂျင်စီတိုင်းအတွက် ရည်မှန်းချက် ဖြစ်သင့်သည်။
- ➔ နေရပ်စွန့်ခွာရွှေ့ပြောင်းစဉ်တွင် သက်ရွယ်ကြီးသူများ၊ မသန်စွမ်းသူများ ကြုံတွေ့ရသည့် အဓိကကိစ္စရပ်များကို စခန်းလုပ်ငန်းအားလုံးတွင် ပါဝင်ထည့်သွင်းသင့်သည်။ အထီးကျန်စွာ နေထိုင်ရသည့် သက်ရွယ်ကြီးသူများမသန်စွမ်း သူများကို ဖော်ထုတ်ရန်အတွက် စခန်းလူထုစာရင်းကို ပြုစုသည့် ဝန်ထမ်းများအား လေ့ကျင့်ပေးထားသင့်သည်။ ထို့ပြင် သက်ရွယ်ကြီးသူများသည် ယခင်က ကလေးများကို ပြုစုစောင့်ရှောက်မှုများ မလုပ်ခဲ့ရဘဲနေရပ်စွန့်ခွာနေထိုင်ရသည့်အခါ အိမ်ထောင်စုကို ဦးဆောင်ရသူများ ဖြစ်လာတတ်ကြပြီး အရွယ်မရောက်သေးသော ကလေးများကို ပြုစုစောင့်ရှောက်ရနိုင်သည်။
- ➔ ရွေးချယ်ရေးစံများ အပါအဝင် လူသစ်ခန့်အပ်ခြင်းနှင့် လုပ်ခ လစာပေးခြင်း မူဝါဒများသည် မျှတရမည်၊ ရှင်းလင်းရမည်၊ ပွင့်လင်းမြင်သာမှု ရှိရမည်။

ဝင်ငွေရရှိနိုင်သော လုပ်ငန်းများသည် ထိခိုက်ခံရသော လူထုတစ်ရပ်လုံးအပေါ် အကျိုးမပြုနိုင်သည့်အတွက် ဝင်ငွေ ရရှိနိုင်သည့် လုပ်ငန်းများကိုလုပ်ဆောင်သူများအား လူထု စီမံချက်များတွင် ထည့်သွင်းနိုင်ခြေကို စဉ်းစားသင့်သည်။ လူထုစီမံကိန်းများဖြစ်သည့် ဈေးကိုပြန်လည်ထူထောင်ခြင်း သို့မဟုတ် လက်သုံးရေစုပ်စက်များပြုပြင်ခြင်း တို့သည် ထိခိုက်ခံခဲ့ရသည့် လူထုတစ်ရပ်လုံးကို အကျိုးရရှိစေသည်။ ထို့ပြင် ဝင်ငွေ ရရှိနိုင်သည့် လုပ်ငန်းများတွင် တိုက်ရိုက် ပါဝင်လုပ်ဆောင်သည့်သူများနှင့် ယင်းလုပ်ငန်းများမှ အကျိုးခံစားရသူများ မဟုတ်သည့် ထိခိုက်ခံခဲ့ရသော လူများ အကြား ဆက်ဆံရေးကိုလည်း တိုးတက်စေသည်။ လုပ်ခ၊လစာအမျိုးအစား (ဥပမာ ငွေသား သို့မဟုတ် အစားအစာ သို့မဟုတ် အခြေအနေပေါ် မူတည်၍ ယင်းတို့ နှစ်မျိုးပေါင်း) တို့ကို ဆန်းစစ်အကဲဖြတ်ကာ စခန်းလူထုနှင့် နီးကပ်စွာ ပူးပေါင်းပြီး ရွေးချယ်မှု ပြုလုပ်ရန် လိုအပ်သည်။ အစီအစဉ်များသည်

စခန်းအခြေခံအဆောက်အအုံ သို့မဟုတ် ဝန်ဆောင်မှုများတွင် ပါဝင်ထောက်ပံ့နိုင်သည်။ သို့ရာတွင် အထူးသဖြင့် ဈေးများ၊ လူထု စင်တာများနှင့်/ သို့မဟုတ် ကျောင်းများ တည်ဆောက်ရာတွင် ပြည်သူလူထုအား စည်းရုံးနှိုးဆော်ခြင်း၊ ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ခြင်းနှင့် တာဝန်ယူဆောင်ရွက်မှုတို့အတွက် ကြိုးပမ်းအားထုတ်မှုများကို မထိခိုက်စေသင့်ပါ။

### ငွေသားဖြင့် ပေးခြင်းသည် လုံခြုံရေးဆိုင်ရာ ဂယက်ရိုက်မှုများ ရှိနိုင်သည်

အလုပ်သမားများကို ငွေသားဖြင့် လုပ်ခ၊ လစာပေးသည့် အခါတိုင်းတွင် လစာကို လူအများရေတွက်နိုင်သည့်နေရာတွင်ပေးကြောင်းနှင့် အလုပ်သမားများသည် ငွေများကို အိမ်သို့ ဘေးကင်းစွာ သယ်ယူသွားနိုင်ကြောင်းတို့ ကို သေချာစေရန် ဆောင်ရွက်ရမည်။ ငွေသားအများအပြားသည် အေဂျင်စီ၏ ကိုယ်ပိုင်ဝန်ထမ်းများအား အဂတိ လိုက်စားမှုများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် အလုပ်သမားများအား ငွေသားဖြင့် လစာပေးသည့်အခါ တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ ပေးအပ်ထားသော ဝန်ထမ်း အနည်းဆုံးနှစ်ဦး အမြဲရှိနေသင့်သည်။ လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို လျော့နည်းစေရန် လက်ကိုင်ဖုန်းများမှတဆင့်လစာပေးသည့် နည်းလမ်းများကို အခြေအနေပေးသည့် အခါတိုင်း စမ်းသပ်သင့်သည်။

စခန်းတွင် နေထိုင်သူများ၏ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ စခန်းအတွင်း သို့မဟုတ် ပြင်ပတွင် ခေါင်းပုံဖြတ်၊ အမြတ်ထုတ်ခံရခြင်း ရှိမရှိကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပံ့ပိုးပေးသူများက စောင့်ကြည့်စစ်ဆေးရန် လိုအပ်သည်။ ခေါင်းပုံဖြတ်၊ အမြတ်ထုတ်မှုကို အတတ်နိုင်ဆုံး တားဆီးရန် လိုအပ်ပါသည်။ ယင်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အထူးသဖြင့် လိုအပ်သည်။ ကိစ္စရပ်အတော်များများတွင် နေရပ်စွန့်ခွာနေထိုင်ရသူများသည် မိသားစုကို ထောက်ပံ့ရန်အတွက်အန္တရာယ်ရှိသော၊ မသင့်လျော်သော၊ ကြမ်းတမ်းသော သို့မဟုတ် လစာနည်းပါးသော အလုပ်များကို လုပ်ကိုင်ကြရသည်။

စခန်းပြင်ပတွင် အလုပ်အကိုင် ရှာဖွေရန် အခြေခံအခွင့်အရေးကို တိုးမြှင့်သင့်သော်လည်း ယင်းသို့ ထောက်ခံပြောဆိုရာတွင် ဒေသတွင်းစီးပွားရေးဆိုင်ရာ ဗဟုသုတနှင့် ကောင်းကျိုး၊ ဆိုးပြစ်များကို နားလည်မှုတို့အပေါ် အခြေခံသင့်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် အတူယှဉ်တွဲ နေထိုင်ရင်း ဖြစ်လာမည့် အနာဂတ် ပြဿနာများနှင့် မကျေမချမ်းမှုများကို တားဆီးကာကွယ်ရန် အထောက်အကူ ပြုလိမ့်မည်။ ထို့ပြင် ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများအား ဒေသတွင်း စီးပွားရေးတွင် အကျိုးရှိစွာ ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးကိုလည်း ပေးသည်။

### အလုပ်လုပ်ရန် အခွင့်အရေး

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၏ အပိုဒ်ခွဲ ၂၃ တွင် ပြဌာန်းထားသည်မှာ - "လူတိုင်းတွင် အလုပ်လုပ်ရန်၊ အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ရန်၊ မျှတ၍ ကောင်းမွန်သော အလုပ် အခြေအနေများ ရရှိရန်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကာကွယ်မှုရရန် အခွင့်အရေးများ ရှိသည်။"

ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများဆိုင်ရာ လမ်းညွှန်မှုများ၏ အခြေခံမှု ၂၂၊၁၊ခ တွင် "အလုပ်အကိုင် အခွင့်အလမ်းများကို လွတ်လပ်စွာ ရှာဖွေရန်နှင့် စီးပွားရေး ဆောင်ရွက်ချက်များတွင် ပါဝင်ရန် အခွင့်အရေး" ကို မိတ်ဆက်ဖော်ပြထားသည်။

### အလုပ်အတွက် ငွေသားပေးခြင်း

စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းတွင်နေထိုင်သူများနှင့်အတူ အလုပ်အတွက် ငွေသားပေးခြင်း အစီအစဉ်နှင့် စပ်လျဉ်းပြီး အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

- ➔ လုပ်ခလစာများသည် ပွင့်လင်းမြင်သာပြီး၊ မျှတကြောင်းနှင့် ဒေသနှုန်းထားများအပေါ် အခြေခံထားကြောင်းကို သေချာစေရန် ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှု နှင့် ကျွမ်းကျင်မှု တစ်ခုစီအတွက် လစာနှုန်းများကို ပြန်လည်သုံးသပ်ကာ သဘောတူသတ်မှတ်ရန်အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခြင်း။ ဒေသခေါင်းဆောင်များအနေဖြင့်လည်းသတ်မှတ်နှုန်းထားများခိုင်မာမှုရှိစေရန် တရားဝင်ဆောင်ရွက်သင့်သည်။

➔ စခန်းလူထုနှင့် အိမ်ရှင်လူထု နှစ်ခုလုံးမှ ကျွမ်းကျင်မှု ရှိသော၊ ကျွမ်းကျင်မှု မရှိသော အလုပ်သမားများကို ခန့်အပ်ထားခြင်း။
➔ လူသစ်ခန့်အပ်ခြင်း လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစေခြင်း။
➔ နေ့စဉ်လုပ်ခ သတ်မှတ်ရန် ခက်ခဲသော အလုပ်များအတွက် ပြီးစီးသည့်အလုပ်အပေါ် သဘောတူညီထားသော အရေအတွက်အလိုက် နှုန်းထားတစ်ခုဖြင့် လုပ်ခ၊လစာပေးခြင်း။ဥပမာ ရေနုတ်မြောင်းတူးခြင်းအတွက် စီပြီးသော အုတ်အရေအတွက်၊ တူးပြီးသည့် မီတာ အရေအတွက်။
➔ စောင့်ကြည့်စစ်ဆေးသည့်အဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးမှူးတစ်ဦး၏ အလုပ်သည် အရည်အသွေး၊ လုပ်ငန်းစဉ်၊အလုပ်လုပ်ချိန်ကို မှတ်တမ်းတင်ခြင်းနှင့်ဘေးကင်းရေးစံနှုန်းများအား လိုက်နာမှုတို့ကို စောင့်ကြည့်စစ်ဆေးရန် ဖြစ်သည်။
➔ ဖြစ်နိုင်ပါက အုပ်စုများ အားလုံး ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ရှာဖွေခြင်း။
➔ ဘဏ္ဍာရေးဆိုင်ရာများကို ကွပ်ကဲနိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်း(များ)အား လေ့ကျင့်ပေးခြင်း။
➔ စခန်းတွင်နေထိုင်သူများအကြား ဘဏ္ဍာရေးနှင့် စာရင်းရေးဆွဲရေးဆိုင်ရာ စွမ်းရည်များ တိုးတက်လာစေရန်အတွက် သင်တန်းများကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးပြုခြင်း။
➔ ကြီးမားသောစီမံကိန်းများကို အဆင့်လိုက် ဆောင်ရွက်နိုင်ရန် အစီအစဉ် ချမှတ်ခြင်း။ သို့ဖြင့် စီမံကိန်းကို ပုံမှန် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အသင့်တော်ဆုံး လူဦးရေ ပမာဏကို ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းလည်းပေးနိုင်မည်။ အလုပ်အတွက်ပေးသည့် ငွေသားပမာဏသည် အကျိုးခံစားသူအတွက် လုံလောက်၊ အသုံးဝင်သော သက်ရောက်မှုရှိရန် အရေးကြီးသည်။
➔ နည်းပညာကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို အုပ်စုထဲရှိ အခြားသူများအား လေ့ကျင့်သင်ကြားစေကာ သင့်လျော်သော လစာပေးထားခြင်း။
➔ ပစ္စည်းများနှင့် ကိရိယာများအတွက် ဒေသခံ ရောင်းချသူများထံမှ ဝယ်ယူခြင်း။
➔ အရေးပေါ်ကယ်ဆယ်ရေး စီမံကိန်း၏ တောင်းဆိုမှုများသည် ဒေသဈေးနှုန်းများနှင့် ဈေးကွက်များအပေါ် သက်ရောက်မှု ရှိကြောင်းကို သတိရှိရမည်။
➔ အဂတိလိုက်စားမှု အန္တရာယ်များကို သတိရှိရမည်။

ဈေးများနှင့် အစားအစာ ရရှိနိုင်မှုများကို ကန့်သတ်ထားသော အခြေအနေများတွင် အလုပ်အတွက် ငွေသားပေးခြင်းထက် အလုပ်အတွက် အစားအစာပေးခြင်း စီမံကိန်းသည် ပိုမိုသင့်လျော်နိုင်သည်။

## အလုပ်အကိုင်နှင့် ကျောင်းသားကျောင်းသူများ

အလုပ်အကိုင် အခွင့်အလမ်းများသည် ကျောင်းတက်နေသူများအား ကျောင်းမှထွက်ပြီး ငွေရှာရန်အတွက် မဆွဲဆောင်စေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပံ့ပိုးပေးသူများက သေချာစွာ ဆောင်ရွက်ရမည်။ ကျောင်းထွက်၍ ငွေရှာခြင်းကို တားဆီးရန် ဒေသခံ ကျောင်းများနှင့်/ သို့မဟုတ် မိဘဆရာအသင်းများနှင့် ပွင့်လင်းသော ဆက်သွယ်ရေးလမ်းကြောင်းနှင့် စိစစ်အတည်ပြုသည့် စနစ်တို့ကို တည်ဆောက်သင့်သည်။

## ရှာဖွေရရှိသော ငွေကြေးများကို အကျိုးရှိစွာ သုံးစွဲခြင်း

များသောအားဖြင့် စခန်းများနှင့် စခန်းကဲ့သို့သော အခြေအနေများတွင် အရက်ဆိုင်များသည် အလွန်အမင်း များပြားတတ်သည်။ လုပ်သားများသည် ငွေ ရရှိသည့်အခါ အရက်သေစာကို အလွန်အကျွံ သောက်စားနိုင်သည်။ ဤကိစ္စရပ်သည် အလေးအနက်ထား ကာကွယ်တားဆီးရမည့် ကိစ္စရပ်ဖြစ်သည်။ အကယ်၍ မိသားစု ဝင်ငွေကို အရက် သို့မဟုတ် အခြားမူးယစ်ဆေးဝါးများအတွက် လွဲမှားစွာသုံးစွဲပါက မိသားစုအတွက် အစားအစာ သို့မဟုတ် အခြားသောပစ္စည်းများ ဝယ်ယူရန်အတွက် မလောက်သည့် အခြေအနေသို့ ရောက်ရှိသွားမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပံ့ပိုးပေးသူများသည် အခြေအနေကို စောင့်ကြည့်စစ်ဆေးရန် လိုအပ်ပြီး အားလုံးအား ယင်းတို့၏ တာဝန်ဝတ္တရားများကို သိရှိနားလည်ရန်အတွက်တိုက်တွန်းပြောဆိုရန် လိုအပ်သည်။

## ကုန်သွယ်မှု

စခန်းများသည် ဝေးလံသည့်နေရာများတွင် တည်ရှိသည့်အခါ စခန်းတွင် နေထိုင်သူများသည် ဒေသဈေးများကို သွားရောက်ရန် အခက်အခဲရှိသည် သို့မဟုတ် သွားရောက်ရန် မဖြစ်နိုင်ပါ။ ထို့ပြင် စခန်းနေလူထုအား ကုန်သွယ်မှုလုပ်ငန်းကို ဆောင်ရွက်ရန်ခက်ခဲစေသည်။ ဤသို့ဖြစ်ရခြင်းမှာ လုံခြုံမှုအားနည်းခြင်း၊ ရဲများနှောင့်ယှက်မှု၊ တရားဥပဒေမစိုးမိုးခြင်း၊ ထောက်ခံချက်စာရွက်စာတမ်းများနှင့်/ သို့မဟုတ် အစိုးရမူဝါဒများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ အဆက်အသွယ်များနှင့် ဒေသကုန်သွယ်မှုကို ကန့်သတ်လိုက်သည့်အခါ စခန်းဈေးကွက်သည် ကုန်သွယ်ရေးနှင့် လူမှုရေးကိစ္စများ ဖလှယ်ရန် ပိုမိုလိုအပ်သည့် နေရာတစ်ခု ဖြစ်လာလိမ့်မည်။ စခန်းပြင်ပဈေးကွက်များမှ တင်ပို့မှုကို အကန့်အသတ်ဖြင့်သာ ရရှိသည့်အခါ နေရပ်စွန့်ခွာနေထိုင်ရသူများသည် စခန်းအတွင်းတွင် အမြတ်အစွန်းရရှိနိုင်သောလုပ်ငန်းကို စီမံလုပ်ကိုင်ရန် ပိုမိုခက်ခဲလာနိုင်သည်။ ယင်းသို့သော အခြေအနေများတွင် အစားအစာ ဖူလုံရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်း အစီအစဉ်များသည် အထောက်အပံ့များကို ကူညီပံ့ပိုးပေးနိုင်သည်။ ဖြစ်နိုင်ဖွယ်ရှိသည့်အခါ စခန်းလူထုနှင့် ဒေသခံ လူထုအကြားရှိ စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများကို နည်းလမ်း အများအပြားဖြင့် မြှင့်တင်နိုင်သည်။ အိမ်ရှင်လူထု ကိုယ်စားလှယ်များနှင့် စခန်းဈေးကွက် ကော်မတီ အဖွဲ့ဝင်များ အတူတကွ ပူးပေါင်းညှိနှိုင်းကာ လုပ်ငန်းအခွင့်အလမ်းများနှင့် ဒေသဈေးကွက်များအား အသုံးပြုခွင့်တို့ကို ဆွေးနွေးနိုင်ရန်အတွက် ဆွေးနွေးပွဲများကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ကမကထပြု စီမံဆောင်ရွက်ပေးနိုင်သည်။ ယင်းဆွေးနွေးပွဲများတွင် အိမ်ရှင်လူထု၏ နွမ်းပါးမှုအဆင့်၊ အိမ်ရှင်ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စခန်းလူထု၏ ပိုင်ဆိုင်ပစ္စည်းများနှင့် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ဈေးများတွင် ဈေးအတက်အကျများကို စောင့်ကြည့်စစ်ဆေးခြင်း (ဥပမာအစားအစာများ ဖြန့်ဝေပြီးသည့်နောက်)သည် ကုန်ဈေးနှုန်းတက်ခြင်း၊ ပိုမိုကျယ်ပြန့်သော စီးပွားရေးပတ်ဝန်းကျင်တို့နှင့် စပ်လျဉ်းပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား အမြဲသိရှိစေရန် အထောက်အကူပြုသည်။ ဈေးကွက်စစ်တမ်းများသည် ဈေးကွက် အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပေးကာ အားလုံးအတွက် စံချိန်စံညွှန်းကိုက်ညီပြီး မျှတသောစနစ်များကို အစီအစဉ်ချမှတ်နိုင်ရန် အကူအညီပေးနိုင်သည်။ ကုန်စည်များနှင့် ဈေးနှုန်းများ အပါအဝင် ဈေးကွက်များကို ပုံမှန် စောင့်ကြည့်စစ်ဆေးခြင်းသည် အစားအစာ ဖူလုံရေးအခြေအနေ၊ စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုနှင့် ရောင်းချမှု လမ်းကြောင်းများကို အဆက်မပြတ် ဆန်းစစ်အကဲဖြတ်ရန်အတွက်လည်း အရေးကြီးသည်။ အစားအစာ ပြတ်လတ်မှုများ သို့မဟုတ် ဈေးနှုန်းများ အလွန်မြင့်တက်မှုများကြောင့် ဖြစ်လာနိုင်ဖွယ်ရှိသော အစားအစာကပ်ဆိုက်မှုကို ကြိုတင်ခန့်မှန်းရန်အတွက်လည်း အထောက်အကူပြုနိုင်သည်။

## စိုက်ပျိုးရေး၊ ဥယျာဉ်စိုက်ပျိုးခြင်းနှင့် တိရိစ္ဆာန်မွေးမြူရေး

စခန်းတွင်နေထိုင်သူများ၏ အတွေ့အကြုံ၊ စခန်း၏တည်နေရာနှင့် အရွယ်အစား၊ စိုက်ပျိုးနိုင်သောမြေများနှင့် ဟင်းသီးဟင်းရွက်ခြံများကို အသုံးပြုနိုင်မှုတို့ပေါ်တွင် မူတည်၍ အသေးစား မွေးမြူရေးလုပ်ငန်း သို့မဟုတ် ပိုမိုကျယ်ပြန့်သော စိုက်ပျိုးရေးလုပ်ငန်းတို့ကို စခန်းတွင်နေထိုင်သူအချို့က ဆောင်ရွက်နိုင်သည်။ အချို့သောအခြေအနေများတွင် နေရပ်စွန့်ခွာနေထိုင်ရသည့် လူထုသည် စခန်းတွင်နေထိုင်စဉ်နှင့် စခန်းမှ ထွက်ခွာပြီးနောက်တွင်ယင်းတို့၏ အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ဖြစ်စေရန်အတွက် ခြံမွေးတိရိစ္ဆာန်များကို အတူ ယူဆောင်လာကြသည်။ ခြံမွေးတိရိစ္ဆာန်များကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့်အပြင် ထိခိုက်ခံစားရသော လူထု၏ ဒဏ်ခံနိုင်မှုကိုလည်း တိုးမြှင့်ပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ မြို့ပြဒေသများတွင်ပင် ဥယျာဉ်စိုက်ပျိုးခြင်းသည် အာဟာရ ပြည့်ဝပြီး မျှတသည့် အစားအစာများအပြင် ဝင်ငွေကိုပါရရှိစေသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

**ခြံမွေးတိရစ္ဆာန်များအတွက် အရေးပေါ် လမ်းညွှန်ချက်များနှင့် စံနှုန်းများ (LEGS)**

LEGSသည် စဖီးယား စီမံကိန်းအတွက် "တွဲဖက်" ဖြစ်ပြီး နေရပ်စွန့်ခွာနေထိုင်ရသူများနှင့် စခန်းတွင် နေထိုင်သူများ အပါအဝင် ဘေးအန္တရာယ်ထိခိုက်ခံရသော ခြံမွေးတိရစ္ဆာန် မွေးမြူသူများအတွက် ဆောင်ရွက်ရန် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ပံ့ပိုးပေးသည်။

အသေးစား စိုက်ပျိုးထွန်ယက်ခြင်း သို့မဟုတ် စားကျက်မြေ စီမံမှုများတွက် မြေရရှိနိုင်မှုနှင့် မြေ၏ အရည်အသွေး ဆန်းစစ်အကဲဖြတ်ခြင်းကို စခန်းနေရာရွေးချယ်သည့် လုပ်ငန်းကာလအတွင်း ဆောင်ရွက်သင့်သည်။ ယင်းနောက်ပိုင်းတွင် အသုံးပြုခွင့်ကို အိမ်ရှင်လူထုကိုယ်စားလှယ်များ၊အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်သင့်သည်။ သင်တန်းများ၊ မျိုးစေ့များ၊ ကိရိယာများ၊ ဓာတ်မြေသြဇာ၊ ခြံမွေးတိရစ္ဆာန်၊ ငါးဖမ်းကိရိယာ၊ အမဲလိုက်တန်ဆာပလာများနှင့် သယ်ယူပို့ဆောင်ရေး အစရှိသော ကနဦး ကြိုတင်စီစဉ်ထားမှု၊ နောက်ဆက်တွဲနှင့် ထပ်တိုး ဝန်ဆောင်မှု အထောက်အပံ့များ စသည်တို့ လိုအပ်နိုင်သည်။အချို့ဒေသာအခြေအနေများတွင်မြို့ပြအသွင်ကူးပြောင်းခြင်း တိုးမြှင့်လာမှုနှင့် စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်သည့်အခါ သီးခြားတိကျစွာ ကျေးလက်ဘဝကို အလေးပေးသည့်ဥယျာဉ်စိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံစိုက်ပျိုးရေး သင်တန်းများသည် လူအများကို ကျေးလက်ဒေသတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်ရန် လှုံ့ဆော်ပေးနိုင်သည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက်- ဆူဒန် ဒုက္ခသည်များအတွက် စားကျက်မြေနေရာလွတ်များ**

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် အရေးပေါ်အခြေအနေကြောင့် ဒုက္ခသည် ထောင်ပေါင်းများစွာတို့သည် ချဒ်နိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းသို့ပြောင်းရွှေ့ခဲ့ကြသည်။၎င်းတို့ထဲမှ အများစုသည် ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်ကြသည့်အုပ်စုများဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့၏ ကျွဲနွား ခြံမွေးတိရစ္ဆာန်များနှင့်အတူ နယ်စပ်ဖြတ်ကျော်ကြသည့်သူများ ဖြစ်ကြသည်။ ဒုက္ခသည်များကို နေရာထိုင်ခင်းများ ပံ့ပိုးပေးရန် တာဝန်ရှိသော UNHCR သည် ဆူဒန်နယ်စပ်မှ ၄၀ ကီလိုမီတာခန့် အကွာရှိ အပ်ဂါဒန်တွင် စခန်းအသစ်တစ်ခုကို ထူထောင်ခဲ့သည်။ ယင်းစခန်းတွင် လူပေါင်း ၁၈,၀၀၀ ကျော်ကိုသာ ထားရှိခဲ့သည်။

ဒုက္ခသည်များ၎င်းတို့၏ခြံမွေးတိရစ္ဆာန်များကို ယူဆောင်လာကာ မွေးမြူထားရှိနိုင်ရန်၊ အနီးအနားရှိ စားကျက်မြေများတွင် ကျွဲနွားများကို လွှတ်ထားနိုင်ရန်အတွက်အပ်ဂါဒန်စခန်းနေရာကို စီမံထားသည်။ လက်ရှိ တိရစ္ဆာန်များနှင့် ခြံမွေးတိရစ္ဆာန်အသစ်များကို ခွဲခြားထားခြင်း၊ ရောက်ရှိလာသည့်အချိန်တွင် ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်စစ်ဆေးခြင်း၊ ခြံမွေးတိရစ္ဆာန်ရောဂါများပြန့်ပွားမှုကို ကာကွယ်တားဆီးရန်အတွက်အခြားသောဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်းတို့ကို စခန်းနေရာအစီအစဉ်များတွင် ထည့်သွင်းထားသည်။

၂၀၁၄ ခြံမွေးတိရစ္ဆာန်များအတွက် အရေးပေါ်လမ်းညွှန်ချက်များနှင့် စံနှုန်းများမှ ဖြစ်ရပ်လေ့လာချက်နှင့် IRIN သတင်း၊၂၀၁၃၊

☛ အစားအစာဖူလုံရေး၊ ပတ်ဝန်းကျင်နှင့် ရေနှင့် သန့်ရှင်းရေးတို့ နှင့်စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက -အခန်း (၁၂) စားနပ်ရိက္ခာ ဖူလုံမှုနှင့်  လူသုံးပစ္စည်းများ ၊ အခန်း (၆) သဘာဝပတ်ဝန်းကျင် နှင့် အခန်း (၁၄) ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး- အခန်းတို့ကို ကြည့်ပါ။

## သင်တန်းနှင့် ဝင်ငွေရရှိနိုင်သည့် စီမံချက်များ

သင်တန်းနှင့် ဝင်ငွေရရှိနိုင်သည့် အစီအစဉ်များကို စခန်းအခြေအနေများတွင် ပံ့ပိုးပေးသည်။စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် အရေးပေါ်အခြေအနေကြောင့် ထိခိုက်ခံရသည့်လူထုအနေနှင့် လုပ်ငန်းအသစ်များမှ ကောင်းကျိုးများ ရရှိကြောင်းကို သေချာစေရန် လုပ်ငန်းအမျိုးအစားအားလုံးကို သိရှိသင့်သည်။ ကျွမ်းကျင်မှုများ၊ စီးပွားရေးသင်တန်းများ၊ ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများတွင် လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများသည် အနာဂတ်အတွက် အပြုသဘောဆောင်သော သက်ရောက်မှုများရှိနိုင်သည်။ ထို့ပြင်မူလနိုင်ငံအတွင်းသို့ဖြစ်စေ၊ မူလနေရပ်သို့ဖြစ်စေ၊ ပြန်လည်နေရာချထားရာတွင်ဖြစ်စေ လူမှုစီးပွားရေး ပြန်လည်ပေါင်းစည်းမှုများကို လွယ်ကူချောမွေ့စေသည်။

သင်တန်းများ သို့မဟုတ် အသေးစား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်စေခြင်းသည် လူအများအား စစ်တပ်တွင်းသို့ အတင်းအကျပ် သို့မဟုတ် ဆန္ဒအလျောက် ဝင်ရောက်စေခြင်းမှ ကာကွယ်ပေးနိုင်သည်။

**ဥပဒေရေးရာ ကိစ္စရပ်များနှင့် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများ**

စခန်းလူထု၏ အခြေအနေနှင့် ၄င်းတို့၏ အလုပ်အကိုင် အခွင့်အလမ်းများ၊ အခွန်ဆိုင်ရာ တာဝန်များ၊ လွတ်လပ်စွာ သွားလာခွင့်နှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်မှုတို့နှင့် စပ်လျဉ်းသည့် ဥပဒေရေးရာ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် အရေးကြီးသည်။ ၄င်းတို့သည် ဝင်ငွေရရှိနိုင်သည့် အလားအလာများ၏ အဆင့်နှင့် ဒေသအလုပ်အကိုင်ဈေးကွက်တွင် အသုံးပြုနိုင်သည့် လတ်တလော ရရှိထားသောကျွမ်းကျင်မှု အတိုင်းအတာတို့အပေါ် လွှမ်းမိုးလိမ့်မည်။

ကျွမ်းကျင်မှုသင်တန်းများသည် ပုံစံအမျိုးမျိုး ရှိနိုင်သည်။ အောက်ပါတို့မှာ ဖြစ်နိုင်ခြေအချို့ဖြစ်သည်။

- အရည်အသွေးရှိသော နေရပ်စွန့်ခွာနေထိုင်ရသည့် သင်တန်းဆရာများနှင့် အလုပ်သင်အဖြစ် လုပ်ကိုင်ခြင်း
- လုပ်ငန်းခွင်သင်တန်း
- ဆွေးနွေးပွဲများနှင့် အလုပ်ရုံများ
- စီးပွားရေးစီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာ၊ တန်ဖိုးများ အဆင့်ဆင့်ဖန်တီးခြင်း စသည့် သင်တန်းများ

**သီးခြားလိုအပ်ချက်များ ရှိသော လူများနှင့် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများ (IGA)**

စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ရန် စွမ်းရည်ရှိသော သီးခြားလိုအပ်ချက်များရှိသူများနှင့် အန္တရာယ်ကျရောက်လွယ်သည့်အုပ်စုများအပေါ် အာရုံစိုက်ရမည်။ ဝင်ငွေရရှိရေးလုပ်ငန်းများဆိုင်ရာ စီမံချက်များ လုပ်ကိုင်သည့် အေဂျင်စီများသည် အထူးသဖြင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ၊ HIV/AIDS ခံစားနေရသည့် အိမ်ထောင်စုများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် လိုအပ်ချို့ငဲ့သည့်လူများ၊ အုပ်စုများအတွက် သင်တန်း သို့မဟုတ် ဝင်ငွေရရှိနိုင်သည့် ဆောင်ရွက်ချက်များကို စီစဉ်ပေးရန် လိုအပ်သည်။

အောင်မြင်မှုရရှိစေရန်အတွက် မိမိဖာသာ ဦးဆောင်လုပ်ကိုင်ခြင်းကို ဦးတည်သည့် ကျွမ်းကျင်မှုသင်တန်းများ၌ စာရေးစာဖတ် နှင့် အတွက်အချက်သင်တန်းများအပြင် စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများကိုပါ ပို့ချသင့်သည်။ ယင်းသည် လူအများအား ဖြစ်နိုင် ခြေလေ့လာခြင်း၊ ကုန်ကျစရိတ် တွက်ချက်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့်/သို့မဟုတ် ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်းကိုင်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်မှုများ ရှိလာစေမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့ကိုလည်း သတိပြုရမည်။

- လူအများအပြားကို ဝင်ငွေရရှိနိုင်သည့် တူညီသောလုပ်ငန်း လုပ်ဆောင်စေခြင်းသည် ဈေးကွက်များတွင် ပစ္စည်းများ အလျှံပယ်ဖြစ်နေစေနိုင်ပြီး နောက်ပိုင်းတွင် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများ လျော့သွား နိုင်သည်။ ထို့ကြောင့် လိုအပ်ချက်များ၊ အခွင့်အလမ်းများနှင့် ဈေးကွက်များအား တိကျပြည့်စုံစွာ လေ့လာစိစစ်မှုကို မဖြစ်မနေ ဆောင်ရွက်ရမည်။
- ပူးပေါင်းဆောင်ရွက်ခြင်းသည် လုပ်ပြီးသားကို ထပ်လုပ်ခြင်းမှ ရှောင်ရှားစေနိုင်သည်။ ထို့ပြင် ဆွဲဆောင်ချီးမြှင့် မှုများ၊ ပစ္စည်းများထောက်ပံ့ပေးခြင်း၊ သင်တန်းဆင်း လက်မှတ်များပေးခြင်းနှင့် သင်တန်းကာလ အစရှိသည်တို့နှင့် စပ်လျဉ်းပြီး မတူညီသော နည်းလမ်းများအတွက် စံနှုန်းများကို သတ်မှတ်ရာတွင် အကူအညီပေးမည်။
- စခန်းတွင်နေထိုင်သူများနှင့် အိမ်ရှင်လူထုထဲမှ အဖွဲ့ဝင်များအား ရွေးချယ်ရာတွင် မျှတပြီး ပွင့်လင်းမြင်သာမှု ရှိရမည်။
- သင့်လျော်သော သင်တန်းသားများကို စခန်းတွင်နေထိုင်သူများနှင့် အိမ်ရှင်လူထုများထဲမှ ရွေးချယ်နိုင်ရန်အတွက်အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများပံ့ပိုးပေးသူများကို ကူညီထောက်ပံ့ပေးရန် အရေးကြီးသည်။
- အိမ်ရှင်လူထု ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ခြင်းသည် အရေးကြီးသည်။
- အခြေအနေနှင့် အမျိုးအစားကိုလိုက်၍ သင်တန်းကာလသည် ခြားနားမှု ရှိနိုင်သည်။ သင်တန်းအတွင်း ပို့ချခဲ့သည်များကို အတိအကျမှတ်သားရန်နှင့် ပေးအပ်သည့် သင်တန်းဆင်းလက်မှတ်အမျိုးအစားကို မှတ်သားရန် အရေးကြီးသည်။
- အတတ်နိုင်ဆုံး လူအများအပြား တက်ရောက်နိုင်ရန်အတွက် စခန်းအခြေအနေရှိ သင်တန်းကာလကို သုံးလမှ ခြောက်လ

အထိသာ ကန့်သတ်ထားရန် လိုအပ်သည်။

- သင်တန်းပစ္စည်းများနှင့် ထားသိုရန်နေရာများကို ဖော်ထုတ်ပြီး သတ်မှတ်ခွဲဝေပေးရမည်။

### စီးပွားရေး ပြန်လည်ကောင်းမွန်စေရေးအတွက်အနိမ့်ဆုံး စံနှုန်းများ (MERS)

MERS သည် အသေးစားလုပ်ငန်းဆိုင်ရာ ပညာရေးနှင့် မြှင့်တင်ရေး ကွန်ရက်(SEEGP) မှ အကောင်အထည်ဖော်သည့်စဖီးယားနှင့် ဆက်စပ်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ အရေးပေါ်အခြေအနေကြောင့် ထိခိုက်ခံရသည့် စီးပွားရေးများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် အကူအညီများ၏ အနိမ့်ဆုံး အဆင့်ကို မိတ်ဆက်ပေးသည်။

## ထောက်ပံ့ကြေးများ

ဝင်ငွေရရှိနိုင်သည့် အစီအစဉ်များတွင် ထောက်ပံ့ကြေး အစီအစဉ်များနှင့်အတူ စာရေးစာဖတ်၊ အတွက်အချက် နှင့် စီးပွားရေး ကျွမ်းကျင်မှုသင်တန်းများလည်း ပါဝင်နိုင်သည်။ ထောက်ပံ့ကြေးအစီအစဉ်သည် အသေးစား ချေးငွေလုပ်ငန်းနှင့် ကွာခြားသည်မှာ ထောက်ပံ့ကြေးသည် ပြန်လည်ပေးဆပ်ရန် မလိုအပ်ပါ။ အခြေအနေ ကန့်သတ်ချက်ဖြင့် ပေးသည့် ထောက်ပံ့ကြေးများ သို့မဟုတ်ခြွင်းချက်မဲ့ ထောက်ပံ့ကြေးများကို လုံခြုံရေးအခြေအနေပေါ်တွင် မူတည်၍ ဘောက်ချာများဖြင့်ဖြစ်စေ၊ ငွေသားဖြင့်ဖြစ်စေ သတ်မှတ်နိုင်သည်။ ဤနှစ်ခုအနက်မှ မည်သည့်တစ်ခုဖြင့် သတ်မှတ်မည်ကို မဆုံးဖြတ်မီ လိုအပ်သည့် ထောက်ပံ့ပစ္စည်းများကို ဒေသဈေးကွက်တွင် ရရှိနိုင်မှုနှင့် ထောက်ပံ့ကြေး ပံ့ပိုးပေးရန် ရည်ရွယ်ထားသည့်လူများ ရှိနိုင်မှုတို့ကို သေချာစွာ ထည့်သွင်းစဉ်းစားရမည်။ ထောက်ပံ့ကြေး အစီအစဉ်များသည် စခန်းနေလူထု၏ ပိုမိုအားနည်းသည့်အပိုင်းများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ပံ့ပိုးပေးကာ ဈေးများသို့ သွားရောက်နိုင်မှုကို ကန့်သတ်ထားသည့် အခြေအနေများတွင် လူအများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထောက်ပံ့ပေးရန် အသေးစားထောက်ပံ့ပစ္စည်းများ ပံ့ပိုးပေးခြင်းသည် အထူးသဖြင့် သင့်လျော်သည်။

## အသေးစား ချေးငွေလုပ်ငန်း အစီအစဉ်များ

ဝင်ငွေရရှိနိုင်သည့် အစီအစဉ်များတွင် တခါတရံ၌ အသေးစား ချေးငွေဝန်ဆောင်မှုများနှင့်အတူ သင့်တော်သည့် သင်တန်းလည်း ပါဝင်သည်။ သင်တန်းများတွင် စာရေးစာဖတ်၊ အတွက်အချက် သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများ ပါဝင်သည်။ အသေးစားချေးငွေသည် အမျိုးသမီးများနှင့် အမျိုးသားများကို ၎င်းတို့၏ လက်ရှိလုပ်ငန်းများကို တိုးချဲ့ရန်အတွက် လိုအပ်သော ရင်းနှီးငွေများကို ပံ့ပိုးပေးသည်။ သို့ဖြင့် ၎င်းတို့သည် မိမိဖာသာ ဦးဆောင်သော အလုပ်အကိုင်ကို ပိုမိုအားကောင်းစေကာ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဆောင်ရွက်နိုင်သည်။ စီးပွားရေးကို ပြန်လည်အားကောင်းလာစေသည့် လုပ်ငန်းများသည် ပိုင်ဆိုင်မှုအတိုင်းအတာတစ်ခုကိုလိုအပ်နိုင်သည်။ထို့ပြင် မည်သို့ လုပ်ဆောင်ရမည်ကိုလည်း သိရှိရန်လိုအပ်သည်။ ထို့ကြောင့် ထိခိုက်ခံစားရလွယ်သည့် ဘေးဒုက္ခ အန္တရာယ်ခံစားခဲ့ရသော လူထုများသည် ဤကဲ့သို့ အကူအညီအမျိုးအစားများအတွက် သတ်မှတ်ချက်များနှင့် မကိုက်ညီပါ။ အသေးစားချေးငွေလုပ်ငန်းများသည် အောက်ပါအချက်များကြောင့် စခန်းအခြေအနေတွင် အကောင်အထည် ဖော်ရန် အခက်အခဲ ရှိနိုင်သည်။

- သေချာသည့် နိုင်ငံရေးနှင့် ဒေသဆိုင်ရာ တည်ငြိမ်မှု အတိုင်းအတာ
- စီးပွားရေးလုပ်ငန်းရှင် စိတ်ဓာတ်ရှိသော မှန်ကန်သည့် ချေးယူသူများကို ရွေးချယ်ခြင်း
- လည်ပတ်နေသော ငွေသား စီးပွားရေး
- လုံလောက်သော ဆန်းစစ်အကဲဖြတ်ချက်နှင့် သင့်လျော်သော အစီအစဉ်ရေးဆွဲထားမှုများ အပါအဝင် ရေရှည် နည်းလမ်းတစ်ခု

## စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် စစ်ဆေးရန် လုပ်ငန်းစာရင်း

- ✔ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် ဈေးများကို အသုံးပြုနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားပြီး စခန်းတည်နေရာကို ရွေးချယ်သည်။
- ✔ လူမှု စီးပွားရေး အခြေအနေ၊ နေရပ်စွန့်ခွာနေထိုင်ရသည့် လူထု၏ အစားအစာဖူလုံရေးအခြေအနေနှင့် လက်ရှိနှင့် ယခင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် တိကျပြည့်စုံသော ဆန်းစစ်အကဲဖြတ်ချက် တစ်ရပ်ကို ဆောင်ရွက်သည်။
- ✔ ဆန်းစစ်အကဲဖြတ်ချက်သည် အများပါဝင်သော ပုံစံဖြစ်ပြီး အမျိုးသမီးများနှင့် သီးခြားလိုအပ်ချက်ရှိသည့် အုပ်စုများမှ ကိုယ်စားလှယ်များကို ပါဝင်စေသည်။
- ✔ အလွန်အမင်း ဘေးအန္တရာယ် ကျရောက်လွယ်သော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ နေ့စဉ် စားဝတ်နေရေးအတွက် သူတစ်ပါးအပေါ် မှီခိုနေရခြင်းကြောင့် အသေးစားချေးငွေအတွက် အဆိုပြုခံရသူများ မဖြစ်သင့်သူများကို ဖော်ထုတ်သည်။
- ✔ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မြှင့်တင်မှုများ၊ထောက်ပံ့မှုများနှင့်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုများအတွက် ဦးစားပေးကိစ္စရပ်များကို ဖော်ထုတ်သတ်မှတ်သည်။
- ✔ အပျက်သဘောဆောင်သည့် ရပ်တည်ရှင်သန်မှုနည်းလမ်းများကို ဖော်ထုတ်ကာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အပြုသဘောဆောင်သည့် အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်သည့် အသက်မွေးဝမ်းကျောင်း အစီအစဉ်များကို ထောက်ခံဖော်ထုတ်ရန် လုပ်ဆောင်သည်။
- ✔ စခန်းနေလူထုနှင့် အိမ်ရှင်လူထု၏ ပါဝင်ဆောင်ရွက်မှုသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစီအစဉ်ချမှတ်ရာ၊ အကောင်အထည်ဖော်ရာ၊ စောင့်ကြည့်စစ်ဆေးရာနှင့် အကဲဖြတ်ဆန်းစစ်ရာတွင် အဓိကကျသည်။
- ✔ သီးခြားလိုအပ်ချက်များရှိသော အုပ်စုများနှင့် အမျိုးသမီးများကို စီးပွားရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ရန် တိုက်တွန်းထောက်ပံ့ပေးသည်။
- ✔ ဈေးများသို့ သွားရောက်နိုင်ရမည်ဖြစ်ပြီး၊ ဈေးများသည် ဘေးအန္တရာယ် ကင်းရှင်းရမည်။ ဈေးများသို့ သွားရောက်ရာလမ်းများနှင့် မီးပေးစနစ်ကဲ့သို့သော အခြေခံအဆောက်အအုံများကို လုံလောက်စွာ ထောက်ပံ့ပေးရမည်။
- ✔ စခန်းတွင် ဈေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားသည်။
- ✔ စခန်းနေလူထု၏ အသက်မွေးဝမ်းကျောင်းများကို မြှင့်တင်ပေးသည့် အရေးပါသော အရင်းအမြစ်များ ဖြစ်သည့် မြေယာ၊ စားကျက်မြေနှင့် ရေတို့ကို အသုံးပြုခွင့်ရရှိစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက တောင်းခံပေးသည်။
- ✔ အိမ်ရှင်လူထုနှင့် စခန်းနေလူထု နှစ်ရပ်လုံး၏ အကျိုးအတွက် ရှားပါးသော အရင်းအမြစ်များကို ကောင်းစွာစီမံနိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်ကာ ကိုင်တွယ်ဖြေရှင်းသည်။
- ✔ အသက်မွေးဝမ်းကျောင်း စီမံကိန်းများကို လက်ရှိ ကျွမ်းကျင်မှုအပေါ် တည်ဆောက်ထားသည်။ ထို့ပြင် ယင်းတို့သည် လူအများ အလိုအပ်ဆုံးဖြစ်သည့် ကျွမ်းကျင်မှုများအပေါ် အာရုံစိုက်ထားသည်။ ယင်းတွင် အိမ်ရှင်လူထု၊ အမျိုးသမီးများနှင့် သီးခြားလိုအပ်ချက်များရှိသော အုပ်စုများအတွက် ကြိုတင်စီမံထားမှုများလည်း ပါဝင်သည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းစောင့်ရှောက်မှု၊ ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ဒေသခံလုပ်သားများအား ခန့်အပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သည်။ ထို့ပြင် ဝန်ဆောင်မှု ပံ့ပိုးပေးသူများအားလည်း ဤသို့လုပ်ဆောင်ရန် တိုက်တွန်းသည်။
- ✔ အလုပ်အတွက် ငွေသားပေးခြင်း သို့မဟုတ် အလုပ်အတွက် အစားအစာပေးခြင်း အစီအစဉ်များကို ကောင်းစွာအစီအစဉ်ရေးဆွဲထားသည်။ ယင်းတို့သည် သင့်တင့်မျှတပြီး၊ ပွင့်လင်းမြင်သာကာ အခြေအနေနှင့်လည်း ကိုက်ညီသည်။
- ✔ ဖြစ်နိုင်ချေရှိသည့်နေရာများတွင် စခန်းတွင်နေထိုင်သူများနှင့် ဒေသခံလူထုအကြား ကုန်သွယ်မှုလမ်းကြောင်းများကို တည်ဆောက်ပေးသည်။
- ✔ အာဟာရနှင့် အသက်မွေးဝမ်းကျောင်းတို့ကို မြှင့်တင်ရန်အတွက် အသေးစား စိုက်ပျိုးရေး စီမံချက်များကို ပံ့ပိုးပေးသည်။

✔ သင်တန်းနှင့် ဝင်ငွေရရှိနိုင်သည့် စီမံချက်များတွင် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များ၊ လိုအပ်ချက်များ၊ နှစ်သက်လိုလားမှုများ၊ လူသားရင်းမြစ်များ၊ စီးပွားရေးနှင့် သဘာဝရင်းမြစ်များကို ထည့်သွင်းစဉ်းစားသည်။

✔ ဘဏ္ဍာရေး ဝန်ဆောင်မှုများအတွက် တောင်းဆိုမှုရှိပြီး ရယူသူများမှ ပြန်လည်ပေးဆပ်နိုင်သည့် စွမ်းရည်ရှိလျှင် အသေးစားချေးငွေ အစီအစဉ်များကို အသုံးပြုသည်။

✔ စခန်းတွင်း၌ အသက်မွေးဝမ်းကျောင်း အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ အပါအဝင် စခန်းနေလူထုသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းတို့ကို ကလေးစောင့်ရှောက်ရေး အစီအစဉ်များဖြင့် သင့်လျော်စွာ ပံ့ပိုးပေးသည်။

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

**အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ**

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

- Micro-enterprise Best Practice (MBP), Micro Finance Following Conflict, brief No 7. Microfinance for Special Groups: Refugees, Demobilized Soldiers and Other Populations.
- Jason Phillips, 2004. "Challenges to the Effective Implementation of Micro finance Programmes in Refugee Settings", Forced Migration Review.
- Barry Sesnan, Graham Wood, Marina L. Anselme and Ann Avery, 2004. "Skills Training for Youth", Forced Migration Review.
- Jane Travis, 2004. "Credit-based Livelihood Interventions in a Zambian Refugee Camp", Forced Migration Review.

## ရည်ညွှန်းစာအုပ်စာတမ်းများ


- Action contre la faim (ACF) International Network, 2007. Implementing Cash-based Interventions - A Guideline for Aid Workers
- Christina Clark, Households in Conflict Network, 2006. Livelihood Networks and Decision-making among Congolese Young People in Formal and Informal Refugee Contexts in Uganda
- Elizabeth Umlas, UN Refugee Agency (UNHCR, 2011. Cash in Hand, Urban Refugee the Right to Work and UNHCR's Advocacy Activities
- Forced Migration Review, 22, 2004. Sustainable Livelihoods: Seeds of Success?
- Geetha Nagarajan, International Labour Organization (ILO), UNHCR, 1999. Microfinance in Post-conflict Situations. Towards Guiding Principles for Action
- Helen Young et. al. Feinstein International Center, 2007. Sharpening the Strategic Focus of Livelihoods Programming in the Darfur Region
- Humanitarian Practice Network, 2001. Food-security Assessments in Emergencies: a Livelihood Approach
- Humanitarian Practice Network, 2011. Cash Transfer Programming in Emergencies
- International Committee of the Red Cross and the Red Crescent (ICRC), 2007. Guidelines for Cash Transfer

Programming
- International Labour Organization, 1997. Manual on Training and Employment Options for Ex-combatants
- Jessica Schafer, Overseas Development Institute, 2002. Supporting Livelihoods in Situations of Chronic Conflict and Political Instability: Overview of Conceptual Issues
- Karen Jacobsen, 2002. Livelihoods in conflict - The Pursuit of Livelihoods by Refugees and the Impact of Human Security on Host Communities
- Karen Jacobsen, 2004. Just Enough for the City: Urban Refugees Make Their Own Way
- Karen Jacobsen, Feinstein International Famine Center, Tufts University, 2004. Microfinance in protracted refugee situations: Lessons from the Alchemy Project
- Machtelt De Vriese, (United Nations High Commissioner for Refugees (UNHCR), 2006. Refugee Livelihoods – A review of Evidence
- Mercy Corps, 2010. Guide to Cash for Work Programming
- Overseas Development Institute, 2002. Livelihoods and Chronic Conflict Working Papers Series
- OXFAM, 2006. Cash-Transfer Programming in Emergencies: A Practical Guide
- OXFAM, 2010. Emergency Market Mapping & Analysis – Shumacher Centre for Technology and Development, Practical Action Publishing, 2009. Livestock Emergency Guidelines and Standards
- Simona Cavaglieri. Livelihoods and Micro-finance in Refugee Camps
- Sue Lautze, Feinstein International Famine Center, 1997. Saving Lives and Livelihood: The Fundamentals of a Livelihood Strategy
- Susanne Jaspars and Jeremy Shoham, Overseas Development Institute, 2002. A Critical Review of Approaches to Assessing and Monitoring Livelihoods in Situations ofChronic Conflict and Political Instability
- UNHCR, 2002. Livelihood Options in Refugee Situations: A Handbook for Promoting Sound Agricultural Practices
- UNHCR, 2004. The Zambia Initiative: In Pursuit of Sustainable Solutions for Refugees in Zambia
- UNHCR, 2005. A Practical Handbook for Improved Management: Livestock-Keeping and Animal Husbandry in Refugee and Returnee Situations
- UNHCR, 2005. Handbook for Self-Reliance
- UNHCR and World Conservation Union, 2005. Livestock Keeping and Animal Husbandry in Refugee and Returnee Situations. A Practical Handbook for Improved Management
- UNHCR, 2009. Designing Appropriate Interventions in Urban Settings, Health Education, Livelihood and Registration for Urban Refugees and Returnees
- United States Agency for International Development (USAID), 2005.Livelihoods and Conflict. A Toolkit for Intervention
- Valerie Guarnieri, Food and Agriculture Organization of the United Nations (FAO), 2003. Food aid and Livelihoods: Challenges and Opportunities in Complex Emergencies.Food and Agriculture Organisation
- Women’s Commission for Refugee Women and Children, 2006. We Want to Work, Providing Livelihood Opportunities for Refugees in Thailand